# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၃) ရက် ၊ တနင်္လာနေ့ ၊ (5-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ပန်းမော်ဆရာတော်ဘုရားကြီး၏အန္တိမအဂ္ဂိစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော် ၉၄ ပါးတို့အား ပင့်ဖိတ်၍ အမှုအတမ်း ပေးဝေမည့်အခမ်းအနားနှင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကျင်းပ**

စာမျက်နှာ - ၁၉

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပွဲကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၄**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သော (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၈)ရှိ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊နည်းပြများ၊အုပ်ချုပ်သူများ၊ဒိုင်လူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန

စာမျက်နှာ ၁၇ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၃ ဇွန် ၅ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

သဘာဝပတ်ဝန်းကျင်ဟူသော ကမ္ဘာ့ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ပျက်စီးမှု၊ ညစ်ညမ်းမှုတို့ကို ကာကွယ်ထိန်းသိမ်းရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက စဉ်းစားလာကြသည်။ ထို့ကြောင့် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကုလသမဂ္ဂကကြီးမှူးပြီး ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပခဲ့သည့် ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးက နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့လူသားအားလုံးနှင့်သက်ဆိုင်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာ့သူ၊ ကမ္ဘာ့သားများအားလုံး အလေးထား၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်လာစေရန် တွန်းအားပေးသည့်အနေဖြင့် ရည်ရွယ်လျက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို သတ်မှတ်ကျင်းပရခြင်းဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာ၌ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအားလုံး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်၊ လိုအပ်သည့်နည်းပညာအကူအညီပေးနိုင်ရန် စသည့်အချက်များအပေါ် အခြေခံပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် **(United Nations Environment Programme-UNEP)**ကိုလည်း ထိုညီလာခံအပြီး၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ **UNEP** က နှစ်စဉ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်များကို သတ်မှတ်ပေးခဲ့သည်။ ယခု ၂၀၂၃ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့" **(Solutions to Plastic Pollution)**ဖြစ်သည်။

လူတို့အနေဖြင့် ပလတ်စတစ်ကို နေ့စဉ် တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် လူမှုပတ်ဝန်းကျင် တစ်နည်းအားဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်၌ ပလတ်စတစ်ကြောင့် ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်ပလတ်စတစ်ပစ္စည်း မက်ထရစ်တန်ချိန်သန်း ၃၀၀ ခန့် ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရသည်။ ထို့ပြင် နှစ်စဉ် ပလတ်စတစ်တန်ချိန် ရှစ်သန်းခန့် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်လျက်ရှိသည်။ ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်နေသော ပလတ်စတစ်အမှိုက်များကို ကမ္ဘာ့နိုင်ငံများက ထိန်းချုပ်နိုင်မှုမရှိလျှင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေနေသတ္တဝါမျိုးစိတ်များထက် ပလတ်စတစ်အမှိုက်များက ပိုမိုများပြားနေမည်ဖြစ်သည်။

ပလတ်စတစ်သုံးစွဲမှုနှင့် ညစ်ညမ်းမှုတို့သည် လူတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ ပလတ်စတစ်အသုံးအဆောင်မှထွက်လာသော အဆိပ်အတောက်ဓာတုပစ္စည်းများကို လူများ၏ သွေးကြောနှင့် တစ်ရှူးများတွင် တွေ့နိုင်သည်။ ပလတ်စတစ်အိတ်များဖြင့် ပူလောင်နေသော အစားအသောက်များကို သယ်ဆောင်လျှင် ပလတ်စတစ်မှ စိမ့်ထွက်လာသော ဓာတုအဆိပ်အတောက်များကြောင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ ဥပမာအားဖြင့် ကင်ဆာရောဂါ၊ မွေးရာပါချို့တဲ့မှု၊ ကိုယ်လက်အင်္ဂါမစုံမှု၊ ကိုယ်ခံအားကျဆင်းမှု၊ ဟော်မုန်းဆိုင်ရာပျက်စီးမှုနှင့် အစာလမ်းကြောင်းတစ်လျှောက် ပျက်စီးမှုများဖြစ်သည်။

သို့ဖြစ်ရာ "ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့"ဟူသော ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်သုံးစွဲမှုလျှော့ချတိုက်ဖျက်ခြင်းကို ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံး တစ်ဦးချင်း တစ်ယောက်ချင်းစီ ပါဝင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သဘာဝပတ်ဝန်းကျင်အလှကို မျိုးဆက်သစ်များသို့ ကောင်းမွန်စွာ လက်ဆင့်ကမ်းအမွေပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၃၀၆၄၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တက်ရောက်ဖူးမြော်ကြပါတယ်။ မန္တလေးတောင်တော်ပေါ်မှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းက တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာ ဖူးမြော်နိုင်ပါတယ်။ ဘုရားဖူးတွေဟာ မြွေကြီးနှစ်ကောင်ဘက်မှာလဲ လှေ့လာကြည့်ရှုကြတာကို တွေ့ရပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၈၉၆ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၂၆၉၁၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၈၃၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ စိုက်ထူခြင်းလုပ်ငန်းပြီးစီး

**မန္တလေး ဇွန် ၄**

ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စိုက်ထူခြင်းလုပ်ငန်းပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မေ ၁၇ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စိုက်ထူပြသခဲ့ရာ ယခုအခါ ရေလမ်းညွှန်အမှတ်အသား စိုက်ထူပြသခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်မှာ မေ ၁၇ ရက်ကနေစပြီး ရေလမ်းညွှန်အမှတ်အသား စိုက်ထူပြသပေးခဲ့တာ ဇွန် ၃ ရက်မှာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါပြီ။ သင်္ဘောနှစ်စီးနဲ့ လိုက်လံစိုက်ထူပြသပေးခဲ့တာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေအနည်းငယ်ပြန်လည်မြင့်တက်လာခြင်းကြောင့် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ကုန်တင်သင်္ဘောများ၊ ခရီးသည်တင်သင်္ဘောများအနေဖြင့် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားများနှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများကို ကြည့်ရှုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနားနှင့် အခြားမြို့များသို့လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာ

**မန္တလေး ဇွန် ၄**

မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနားနှင့် အခြားမြို့များသို့ မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)ဖြင့် ခရီးသည် လိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း(မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

MNA လေကြောင်းလိုင်း အနေဖြင့် ယခင်က မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ကလေး စသည့်မြို့များသို့ ခရီးသည် တင်ဆောင်ပြေးဆွဲရာတွင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ အနည်းငယ်သာရှိခဲ့သော်လည်း ဇွန်လပထမပတ်အတွင်း ခရီးသည်လိုက်ပါစီးနင်းမှု များပြားလာကြောင်း သိရသည်။


" MNA လေကြောင်းလိုင်းအနေနဲ့ မန္တလေးမြို့ကနေ အခြားမြို့တွေကို ပျံသန်းပြေးဆွဲတဲ့အခါ အရင်က ခရီးသည်တော်တော်လေးနည်းတယ်။ အခု မန္တလေးကနေ အခြားမြို့တွေကို အလုပ်ကိစ္စတွေအပြင် အလည်အပတ်သွားဖို့ လိုက်ပါစီးနင်းတဲ့ခရီးသွားဦးရေက တော်တော်လေး များလာတယ်"ဟု မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လပထမပတ်အတွင်း MNA လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

MNA လေကြောင်းလိုင်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပူတာအို စသည့်မြို့များသို့ လူဦးရေ ၁၆၄ ဦးဆံ့ Boeing-737 လေယာဉ် အမျိုးအစား လေးစင်း၊ လူဦးရေ ၁၀၀ ဆံ့ Embraer လေယာဉ်အမျိုးအစား နှစ်စင်းနှင့် လူဦးရေ ၇၀ ဆံ့ ATR လေယာဉ်အမျိုးအစား ကိုးစင်းတို့ဖြင့် ခရီးစဉ်များကို ဖြန့်ကြက်ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# UAE နိုင်ငံက မြန်မာ့မန်ကျည်းမှည့် တန်ချိန် ၅၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြင့် လစဉ်တင်ပို့ရန် မှာယူနေ

**နေပြည်တော် ဇွန် ၄**

အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) နိုင်ငံက မြန်မာ့မန်ကျည်းမှည့် တန်ချိန် ၅၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြင့် လစဉ်တင်ပို့ရန် မှာယူနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံက မန်ကျည်းမှည့် တန်ချိန် ၅၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းဖြင့် လစဉ်တင်ပို့ရန် UAE နိုင်ငံ ဒူဘိုင်းမြို့အခြေစိုက် Hermab Group ကုမ္ပဏီက မှာယူနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံက မန်ကျည်းမှည့် တင်ပို့နိုင်ရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း သိရသည်။

"မန်ကျည်းမှည့်က ပုံမှန်တော့ နယ်စပ်လမ်းကြောင်းကနေ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်ကိုတင်သွင်းတာရှိသလို ပင်လယ်ရေကြောင်းကနေလဲ စင်ကာပူနဲ့ ပါကစ္စတန်ကို တင်သွင်းပါတယ်။ ပါကစ္စတန်က တန်ချိန်အများဆုံး ဝယ်ယူလေ့ရှိပါတယ်။ တန်ချိန် ၅၀၀ ကျော်လောက် ဝယ်လေ့ရှိပါတယ်။ အခုကတော့ မန်ကျည်းမှည့်ကို UAE နိုင်ငံက မှာယူတာဖြစ်ပါတယ်။ တင်ပို့နိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ဦးထက်အောင်ဝင်းက ပြောပြသည်။

မန်ကျည်းမှည့်ကို မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ပုပ္ပား၊ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ပြည်၊ သဲကုန်း၊ ပုတီးကုန်း စသည့်ဒေသများက အများဆုံးထွက်ရှိပြီး ရှမ်းပြည်နယ်တောင်ကြီး၊ ပင်းတယတို့မှလည်း မန်ကျည်းမှည့် အများအပြားထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် မန်ကျည်းမှည့်ကို ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် စသည့် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် နှစ်စဉ်တင်ပို့ရောင်းချနေပြီး လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့နေသည့် မန်ကျည်းမှည့် (အစေ့ပါ) တစ်တန်ပေါက်ဈေးသည် အရည်အသွေးအလိုက် အမေရိကန်ဒေါ်လာ ၄၀၀ မှ အမေရိကန်ဒေါ်လာ ၆၀၀ ကြား ဈေးရှိနေကြောင်း သိရသည်။ ASH



# ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဒိုးနွယ်ကျေးရွာအုပ်စု ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့နိုင်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရဲဒိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှဲ့လှဲ့နိုင်ထံမှ သိရသည်။

**မောင်ခိုင်**

# မိုခါသည်ဘေး တိုင်းရင်းဆေး မနှေးဆောင်ရွက် ပေါင်းစည်းလျက်

- မိုခါဘေးသင့် စိတ်စိုးထင့်ကာ
  ပင့်သက်ဖြာဝေ ဒုက္ခဝေသော
  ဌာနေပြည်သူ အားပေးကူသည်
  ကြည်ဖြူစိတ်ဝမ်း ပြည့်ဝန်ထမ်းသည့်
  လန်းဆန်းရွှင်ပျော် တပ်မတော်။
  ပန်းလည်းအတွင်နော် ပြုံးလို့နော်။

- မိုခါဘေးသင့် ချိန်ခါသင့်မှာ
  ဝင့်ခဲ့မုန်တိုင်း အလွန်ရိုင်းလည်း
  မဆိုင်းမတွ တွဲလက်မျှ၍
  ဘေးကလည်းကူ ပြည်တွင်းကူသည်
  ဝိုင်းကူထူမ ဖြေရှင်းကြ။
  မဆိုင်းအတူလှူကြ မောင်ရင်းနှမ။

- မိုခါဘေးသင့် ကူညီပင့်လို့
  ဆင့်ခဲ့ဒုက္ခ ခံစားမှုကာ
  တို့ကသည်မြေ မဟုတ်ချေလည်း
  ပေးဝေကူမျှ စိတ်ထားလှသည်
  ရင်းချာ့ဆွေမျှား တိုင်းရင်းသား။
  ရှင်းပါ့မသွေပွား ရိုင်းပင်းအား။

- မိုခါဘေးသင့် ချိန်မလင့်ပဲ
  မလင့်မြန်စွာ ချက်ချင်းလာ၍
  ကူကာဝိုင်းမ မဆိုင်းတွပြီ
  ရှင်းကြလင်းလင်း အားမာန်တင်းသည်
  ပြည်တွင်းအင်အား ပြည်သူ့အား။
  ကြည်ရှင်းမြင်ထား ညီညွတ်အား။

- မိုခါဘေးသင့် ပြည်သူတင့်အောင်
  မဖင့်မနှေး ရွက်ဆောင်ပေး၍
  ဝမ်းရေးမပူ ချမ်းအေးထူကာ
  အတူဖြေရှင်း ညီညွတ်ခြင်းနှင့်
  ချစ်ခြင်းမျှဝေ သစ္စာခြွေ။
  မလစ်ဟင်းကြပေ မေတ္တာဝေ။

- သြော်. . .
  မိုခါဘေးသင့် မုန်တိုင်းဝင့်လည်း
  ရိုင်းခွင့်မကြုံ တိုင်းရင်းစုံက
  ဆုံကာတူရှင်း တစ်အူထုံ့ဆင်းမို့
  ရိုင်းပင်းချစ်ခင် လက်တွဲမင်ကာ
  ဘေးလျှင်ခွဲခွဲ တို့မကွဲပဲ
  အမြဲစည်းလုံး အားသစ်မှုန်းသည်
  တစ်ဆုံးပြည်ခွင် အေးချမ်းအစဉ်။
  မပုန်းကြည်ရွှင် တေးလျှမ်းလွှင်။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# ပင်လယ်ကွေ့ ရေတပ်မဟာမိတ်အုပ်စုဖွဲ့ စည်းရန် အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့စီစဉ်

**တီဟီရန် ဇွန် ၄**

အီရန်၊ ဆော်ဒီအာရေဗျနှင့် အခြားပင်လယ်ကွေ့နိုင်ငံ သုံးနိုင်ငံတို့သည် ရေတပ်မဟာမိတ်အုပ်စု တစ်ခုဖွဲ့စည်းရန် စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၃ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပင်လယ်ကွေ့ရေတပ် မဟာမိတ်အုပ်စုတွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့လည်းပါဝင်မည် ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယနေ့ဆိုလျှင် ဒေသတွင်းနိုင်ငံများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုရှိမှသာ ဒေသတွင်းလုံခြုံရေးတည်ဆောက်နိုင်မည်ကို နားလည်လာကြပြီဖြစ်ကြောင်း အီရန်ရေတပ်အကြီးအကဲ ရှာဟမ်း အီရာနီက ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

သို့သော် ဖွဲ့စည်းမည့်ရေတပ်မဟာမိတ်အုပ်စု၏ ပုံပန်းသဏ္ဌာန်ကို အီရန်ရေတပ်အကြီးအကဲက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

အီရန်ရေတပ်အကြီးအကဲ၏ အဆိုအရ ပင်လယ်ကွေ့ရေတပ် မဟာမိတ်အုပ်စု၌ ပါဝင်မည့်နိုင်ငံများမှာ အီရန်၊ ဆော်ဒီ၊ ယူအေအီး၊ ကာတာ၊ ဘာရိန်း၊ အီရတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံသည် မကြာသေးမီကာလများအတွင်း ဆော်ဒီအပါအဝင် ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် ပုံမှန်ဆက်သွယ်ရေး ပြန်လည်ထားရှိနိုင်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ KKO



# စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ အနောက်အုပ်စု သတင်းသမားများတက်ရောက်ခွင့် ရုရှားပိတ်ပင်



**မော်စကို ဇွန် ၄**

စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ အနောက်အုပ်စုနိုင်ငံများမှ သတင်းသမားများတက်ရောက်ခွင့်ကို ရုရှားနိုင်ငံက ပိတ်ပင်ထားကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

ယခုနှစ် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ရုရှားအပေါ်မိတ်ဆွေမဆန်သည့် နိုင်ငံများမှ သတင်းသမားများအား တက်ရောက်ခွင့်မပေးရန် ဆုံးဖြတ်ထားကြောင်း ရုရှားအစိုးရပြောရေး ဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ရုရှားပြည်တွင်းမီဒီယာများသို့ ဇွန် ၃ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားအပေါ် မိတ်ဆွေမဆန်သည့် နိုင်ငံများဟူသော အသုံးအနှုန်းမှာ ယူကရိန်းပြဿနာနှင့် ပတ်သက်၍ ရုရှားအပေါ်အရေးယူ ပိတ်ဆို့မှုများပြုလုပ်ထားသောနိုင်ငံများကို ရည်ညွှန်းရာတွင် ရုရှားအစိုးရကအသုံးပြုသည့် အသုံးအနှုန်းဖြစ်သည်။

ရုရှားနိုင်ငံသည် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ယခုနှစ်ဖိုရမ်ကို ဇွန် ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပရန်စီစဉ်ထားသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ယခင်က အနောက်အုပ်စုနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ အတက်များခဲ့သော်လည်း နောက်ပိုင်းတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများနှင့် အာရပ်ရင်းနှီးမြှုပ်နှံသူများ ပို၍အတက်များခဲ့သည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သည် ရုရှား၏စီးပွားရေးအခြေအနေကို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအား ရုရှားသမ္မတပူတင်က ပြသလေ့ရှိသောအခမ်းအနားဖြစ်ကြောင်း သိရသည်။KKO

# ဧဝရက်တောင်တက်ရာသီအတွင်း တောင်တက်သမားများသေဆုံးမှုလျှော့ချရေးအတွက် စည်းမျဉ်းများတင်းကျပ်ရန် ဝါရင့်တောင်တက်လမ်းပြများက နီပေါအစိုးရကို တိုက်တွန်းထား

**ခတ္တမန္ဒူ ဇွန် ၄**

ဧဝရက် တောင်တက်ရာသီအတွင်း တောင်တက်သမားသေဆုံးမှုများလျှော့ချရေးအတွက် စည်းမျဉ်းများတင်းကျပ်ရန် ဝါရင့်တောင်တက်လမ်းပြများက နီပေါအစိုးရကို တိုက်တွန်းထားကြောင်း ရိုက်တာ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အတွေ့အကြုံ မလုံလောက်သည့်တောင်တက်ခရီးစီစဉ်သူများနှင့် ကာယအားချည့်နဲ့သည့် တောင်တက်သမားများကြောင့် ဧဝရက်တောင်တက်ရာသီများ၌ တောင်တက်သမားသေဆုံးမှုမြင့်တက်လာခြင်းဖြစ်ကြောင်း ဝါရင့်တောင်တက်လမ်းပြများက သုံးသပ်ထားကြောင်း သိရသည်။

ယခုနှစ် တောင်တက်ရာသီအတွင်း တောင်တက်သမားသေဆုံးမှုနှုန်းမြင့်တက်လာပြီးနောက် တောင်တက်ခရီးစဉ် စည်းမျဉ်းများကို ပို၍တင်းကျပ်ရန် ဝါရင့်တောင်တက်လမ်းပြများက တောင်းဆိုနေခြင်းဖြစ်သည်။

ယခုနှစ် တောင်တက်ရာသီအတွင်း ၁၀ ရက်တောင်တက်ခရီးစဉ်များ၌ အနည်းဆုံးတောင်တက်သမား ၁၂ ဦးသေဆုံး၍ ငါးဦး ပျောက်ဆုံးခဲ့ရာ ၂၀၁၅ ခုနှစ်နောက်ပိုင်း တောင်တက်သမားသေဆုံးမှုနှုန်း အမြင့်ဆုံးတောင်တက်ရာသီဖြစ်ခဲ့ရသည်။

၂၀၁၅ ခုနှစ် တောင်တက်ရာသီတွင် ငလျင်လှုပ်ခတ်မှုကြောင့် ဧဝရက်တောင်ပေါ်၌ ဆီးနှင်းပြိုကျခဲ့ရာ တောင်တက်သမား ၁၈ ဦး သေဆုံးခဲ့ရဖူးသည်။

နီပေါနိုင်ငံသည် ယခုနှစ်အတွင်း ဧဝရက်တောင်တက်ခရီးစဉ်များအတွက် ခွင့်ပြုချက် ၄၇၈ ခုထိ ချပေးထားကြောင်း သိရသည်။

KKO

# ရထားမတော်တဆမှု ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အိန္ဒိယနိုင်ငံအဆုံးသတ်

**ဒေလီ ဇွန် ၄**

ဩဒိရှာပြည်နယ်၌ဖြစ်ပွားခဲ့သည့် ရထားမတော်တဆမှုအတွက် ပြုလုပ်နေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

ဇွန် ၂ ရက်တွင် ဖြစ်ပွားခဲ့ပြီး ခရီးသည်တင် ရထားနှစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ပါဝင်ခဲ့သော အဆိုပါရထားမတော်တဆမှုကြောင့် သေဆုံးခဲ့သူအရေအတွက်မှာ ယနေ့တွင် ၂၇၅ ဦးထိရှိလာပြီဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါရထားမတော်တဆမှုအတွက်ပြုလုပ်နေသော ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်လိုက်ပြီဖြစ်ပြီး သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ဖွယ်မရှိတော့ကြောင်း ဩဒိရှာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဇွန် ၂ ရက် မတော်တဆမှုအတွင်း ဒဏ်ရာရသူအရေအတွက်မှာလည်း ဦးရေ ၁၂၀၀ နီးပါးရှိခဲ့ကြောင်း ဩဒိရှာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖြစ်စဉ်အတွင်း လမ်းချော်သွားသည့်ခရီးသည်တင်ရထားက ရပ်ထားသောကုန်တင်ရထားကိုဝင်တိုက်ခဲ့ပြီး အခြားခရီးသည်တင်ရထားတစ်စင်းက လမ်းချော်ခဲ့သောခရီးသည်တင်ရထားကို ထပ်တိုက်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၂ ရက် ရထားမတော်တဆမှုသည် အိန္ဒိယနိုင်ငံအတွက် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း အသေအပျောက် အများဆုံးရထားမတော်တဆမှုဖြစ်ကြောင်း သိရသည်။

KKO

# အစ္စရေးနှင့်အီဂျစ်နယ်စပ်တစ်လျှောက် ပစ်ခတ်မှုဖြစ်ပွား လူ လေးဦးသေဆုံး



**ဂျေရုဆလင် ဇွန် ၄**

အီဂျစ်နှင့် နယ်မြေချင်းထိစပ်နေသော အစ္စရေးတောင်ပိုင်းနယ်စပ်၌ ဇွန် ၃ ရက်က ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အစ္စရေးတပ်ဖွဲ့ဝင် သုံးဦးနှင့် အီဂျစ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီဂျစ်နယ်ခြားစောင့်တပ်ဖွဲ့ဝင်တစ်ဦး အစ္စရေးဘက်သို့ဝင်ရောက်လာပြီး အစ္စရေးတပ်ဖွဲ့ဝင် သုံးဦးကို သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေး တပ်ဖွဲ့ဝင်များကလည်း ပစ်ခတ်ရှင်းလင်းခဲ့ကြောင်း အစ္စရေး တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအီဂျစ်တပ်ဖွဲ့ဝင်မှာ မူးယစ်မှောင်ခိုရောင်းသူများကိုလိုက်ဖမ်းရင်း အစ္စရေးဘက်သို့ ရောက်သွားခြင်းဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် ပူးပေါင်းပါဝင်ရန် အစ္စရေးစစ်ဘက်က အီဂျစ်တာဝန်ရှိသူများကိုတောင်းဆိုထားသည်။


ဇွန် ၃ ရက် နယ်စပ်ပစ်ခတ်မှုများသည် အစ္စရေးနှင့်အီဂျစ်နယ်စပ်၌ ရှားရှားပါးပါးဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုဖြစ်သည်။

အီဂျစ်နှင့်အစ္စရေးနိုင်ငံတို့သည် နှစ်ပေါင်း ၄၀ ကြာမျှ ငြိမ်းချမ်းရေးကိုထိန်းထားနိုင်ခဲ့ပြီး လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု သာလွန်အားကောင်းသည့် နိုင်ငံများလည်း ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## မိုဘိုင်းဖုန်းတစ်လုံးစာမျှသာရှိသည့် အာကာသယာဉ်ငယ်တစ်စင်းဖြင့် ဂြိုဟ်သိမ်တစ်စင်း၏ မျက်နှာပြင်ဒြပ်ဆွဲအားကို ဖော်ထုတ်တိုင်းတာရန် ဥရောပအာကာသအေဂျင်စီ စီစဉ်ထား



**ပါရီ ဇွန် ၄**

မိုဘိုင်းဖုန်း တစ်လုံးစာမျှသာရှိသည့် အာကာသယာဉ်ငယ်တစ်စင်းဖြင့် ဂြိုဟ်သိမ်တစ်စင်း၏မျက်နှာပြင် ဒြပ်ဆွဲအားကို ဖော်ထုတ်တိုင်းတာရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီသည် GRASS အမည်ရှိ အဆိုပါအာကာသယာဉ်ငယ်က တုန်ခါလှိုင်းစမ်းသပ်မှု၊ လေလုံခန်းစမ်းသပ်မှုများ ပြုလုပ်ထားပြီးဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် GRASS အာကာသယာဉ်ငယ်ဖြင့် ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်တစ်စင်း၏ ဒြပ်ဆွဲအားကို တိုင်းတာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်လမ်းကြောင်း လွဲပြောင်းမှုနည်းပညာစမ်းသပ်မှုအရ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ပြီးခဲ့သည့်နှစ်အတွင်း အာကာသယာဉ်တစ်စင်းဖြင့် ဝင်တိုက်ခဲ့သော ဂြိုဟ်သိမ်ဖြစ်သည်။

ဂြိုဟ်သိမ်များ၏ ဒြပ်ဆွဲအားသည် ကမ္ဘာမြေဒြပ်ဆွဲအားထက်များစွာနည်းပါးသည်ဖြစ်ရာ ဂြိုဟ်သိမ်ဒြပ်ဆွဲအားကို တိုင်းတာရေးမှာ လွယ်ကူသည့် အလုပ်မျိုးမဟုတ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် မိမိတို့၏ GRASS အာကာသယာဉ်သည် ဂြိုဟ်သိမ်များ၏အလွန်နိမ့်ပါးသော ဒြပ်ဆွဲအားကို အာရုံခံရှာဖွေတိုင်းတာပေးနိုင်ဖွယ်ရှိကြောင်း ဥရောပအာကာသ အေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်နယ်မြေ၌တည်ရှိနေသော ထူးဆန်းသည့်ဓာတ်ငွေ့အမျှင်တန်းရာပေါင်းများစွာကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ


**ဝါရှင်တန် ဇွန် ၄**

နဂါးငွေ့တန်းကြယ်စု ဗဟိုချက်နယ်မြေ၌တည်ရှိနေသော ထူးဆန်းသည့် ဓာတ်ငွေ့အမျှင်တန်းရာပေါင်းများစွာကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဓာတ်ငွေ့မျှင်တစ်ခုချင်းစီ၏ အရှည်သည် အလင်းနှစ်ငါးနှစ်နှင့် ၁၀ နှစ်ကြားတွင်ရှိကြောင်း အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရသိရသည်။

၎င်းဓာတ်ငွေ့မျှင်များသည် နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်နှင့် ဆက်စပ်နေကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

မဟာအာကာသတွင်းနက်၏ လှုပ်ရှားမှုကြောင့် အထက်ပါဓာတ်ငွေ့မျှင်တန်းများ ပေါ်ထွက်လာချိန်တွင် နှစ်ပေါင်းခြောက်သန်းခန့်သာ ရှိနိုင်သေးကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။




အဆိုပါဓာတ်ငွေ့မျှင်တန်းများကို တောင်အာဖရိကနိုင်ငံ အခြေစိုက် Meer KAT ရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဓာတ်ငွေ့မျှင်တန်းများကို လေ့လာခြင်းဖြင့် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်၏ မွတ်မွတ်လည်နှုန်းကို တိုင်းတာ၍ ရနိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။ KKO

## ဘိုးအင်းကုမ္ပဏီက အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထား

**ဝါရှင်တန် ဇွန် ၄**

အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အာကာသလေထီးစနစ်နှင့် ဓာတ်အားလိုင်းစနစ်ပြဿနာများကြောင့် စတားလိုင်နာ အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ဘိုးအင်းကုမ္ပဏီက ဆိုင်းငံ့ထားခြင်းဖြစ်သည်။

ဘိုးအင်းကုမ္ပဏီသည် မူလက အမေရိကန်နိုင်ငံအခြေစိုက် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး နှစ်ဦးလိုက်ပါမည့် စတားလိုင်နာ အာကာသယာဉ်ကို လာမည့် ဇူလိုင် ၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

စတားလိုင်နာအာကာသယာဉ် လေထီးစနစ်ပြဿနာနှင့် ဝိုင်ယာစနစ်ပြဿနာများကို ဘိုးအင်း အင်ဂျင်နီယာများက ပြီးခဲ့သည့်သီတင်းပတ်အတွင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းခရီးစဉ်များအတွက် ရည်ရွယ်တည်ဆောက်ထားသည့် စတားလိုင်နာ အာကာသယာဉ်သည် နည်းပညာပိုင်းဆိုင်ရာပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့ရာတွင် ဘိုးအင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများလိုက်ပါခြင်းမရှိသည့် စတားလိုင်နာကို ၂၀၂၂ ခုနှစ် မေလတွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ ရောဂါလက္ခဏာများ ရေရှည်ခံစားရနိုင်ခြေမြင့်မားနေတတ်

**ဂျိနီဗာ ဇွန် ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသူများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက်ပိုင်း ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရနိုင်ခြေ သိသိသာသာ မြင့်မားနေတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဆွစ်ဇာလန်သုတေသနပညာရှင်များ၏အဆိုအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားမှုမရှိသူများအနက် ခြောက်ဦးလျှင်တစ်ဦးမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားပြီး နောင်နှစ်နှစ်ကြာသည်ထိ ရောဂါလက္ခဏာများ ဆက်ခံစားနေကြရဆဲဖြစ်ကြောင်း သိရသည်။

ဆွစ်ဇာလန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၅၀ အရွယ်ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူ ကိုဗစ်-၁၉ လူနာ ၁၁၀၀ ကျော်တို့၏ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များအရ အထက်ပါလူနာများအနက် ၁၇ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက်ပိုင်း ၎င်းတို့၏မူလပုံမှန်ကျန်းမာရေးမျိုး ပြန်မရတော့ကြောင်း သိရသည်။

ထို့ပြင် ၁၈ ရာခိုင်နှုန်းမှာ အသက်ရှူ မဝခြင်းကဲ့သို့ ကိုဗစ်-၁၉ ရောဂါလက္ခဏာများကို ရောဂါကူးစက်ခံရပြီး ၂၄ လကြာထိ ဆက်ခံစားခဲ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## STI ရောဂါတစ်မျိုးကြောင့် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေ မြင့်မား

**ဘူဒါပက်စ် ဇွန် ၄**

အဖြစ်များသော်လည်း လူသိအလွန်နည်းသည့် ဆီးလမ်းကြောင်းကူးစက်ရောဂါ (STI) တစ်မျိုးကြောင့် အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်မားလာတတ်ကြောင်း The Daily Mail သတင်းစာက ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Trichomoniasis အမည်ရှိ ဆီးလမ်းကြောင်း ကူးစက်ရောဂါကြောင့် သားအိမ်ခေါင်းတစ်ရှူးများ ထိခိုက်ပျက်စီး၍ သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှု ၉၀ ရာခိုင်နှုန်းအတွင်းတာဝန်ရှိသည့် HPV ဗိုင်းရပ်စ်များ ခိုအောင်းနိုင်သော နေရာဖြစ်လာတတ်ကြောင်း ဟန်ဂေရီ သုတေသန ပညာရှင်များက ပြောကြားသည်။


ဟန်ဂေရီသုတေသနပညာရှင်များသည် အမျိုးသမီး ၅၀၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ Trichomoniasis ရောဂါရှိနေသူ အမျိုးသမီးများ၌ HPV ဗိုင်းရပ်စ်များရှိလာနိုင်ခြေ ပုံမှန်ထက် ၈၀ ရာခိုင်နှုန်း ပိုမြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Trichomoniasis ရောဂါရှိနေသူ အမျိုးသမီးများသည် မရှိသူများထက် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်နိုင်ခြေ ငါးဆ ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Trichomoniasis ရောဂါသည် အဖြစ်အများဆုံး ဆီးလမ်းကြောင်းကူးစက်ရောဂါ တစ်မျိုးဖြစ်သော်လည်း ရောဂါဖြစ်စဉ်အများစုတွင် ရောဂါလက္ခဏာမပြမှုကြောင့် ရှိ၍ရှိမှန်းပင် မသိရသောရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပိုကယ်ဖလားဗိုလ်လုပွဲစဉ်တွင် ဖရန့်ဖတ်ကိုအနိုင်ရခဲ့သည့် လိုက်ပ်ဇစ်အသင်း ချန်ပီယံဆုဖလားကာကွယ်နိုင်ခဲ့



**ဘာလင် ဇွန် ၄**

ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် လိုက်ပ်ဇစ်အသင်းနှင့် ဖရန့်ဖတ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် လိုက်ပ်ဇစ်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် လိုက်ပ်ဇစ်အသင်းသည် ၁၆ သင်းရှုံးထွက်တွင် ဟော်ဖန်ဟိမ်း၊ ကွာတားအဆင့်တွင် ဒေါ့မွန်အသင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဖရိုင်းဘတ်အသင်းတို့ကို ဂိုးပြတ်အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ဖရန့်ဖတ်အသင်းက ၁၆သင်းအဆင့်တွင် ဒမ်စတက်အသင်း၊ ကွာတားအဆင့်တွင် ယူနီယံဘာလင်အသင်း၊ ဆီမီးအဆင့်တွင် စတုဂတ်အသင်းတို့ကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲရောက်ရှိခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်း၏တိုက်စစ်ဆင်မှုများကြောင့် နှစ်ဂိုးဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ကာ ဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရသည်။

ဗိုလ်လုပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းက အန်ကူကူ၊ တီမိုဝါနာတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာခဲ့ပြီး ဖရန့်ဖတ်အသင်းက မူအာနီ၊ ကာမာဒါ၊ ဂေါ့ဇီတို့ဖြင့်ပွဲထွက်လာခဲ့ကာ အပြန်အလှန်ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း လိုက်ပ်ဇစ်အသင်းကသာ ဂိုးရရှိမည့်အခွင့်အရေးကောင်းများ ဖန်တီးနိုင်ခဲ့ကာ ပွဲကစားချိန် ၇၁ မိနစ်တွင် တိုက်စစ်မှူးအန်ကူကူက ဦးဆောင်ဂိုးကိုလည်းကောင်း ပွဲကစားချိန် ၈၅ မိနစ်အရောက်တွင် အန်ကူကူ၏ ဖန်တီးပေးမှုမှ ဇိုဘော့ဇလိုင်က ဒုတိယဦးဆောင်ဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး ဖရန့်ဖတ်အသင်းအနေဖြင့် လိုက်ပ်ဇစ်အသင်း၏ ခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသဖြင့် ချေပဂိုးမရရှိခဲ့ဘဲ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# လီဗာပူးအသင်းက ကန်နီတီတီကို စတာလင်ပေါင် ၁၀ သန်းဝန်းကျင်ဖြင့်ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် ဇွန် ၄**

လီဗာပူးအသင်းသည် ဖူလ်ဟမ်အသင်းနှင့်စာချုပ်သက်တမ်း ၁၂ လ ကျန်ရှိနေသည့် ဘယ်တောင်ပံခံစစ်ကစားသမား ကန်နီတီတီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ ဝန်းကျင်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကန်နီတီတီသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုငါးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းကိုအမှတ်ပေးဇယားအဆင့်(၁၀)သို့ ရောက်ရှိအောင် အဓိကပါဝင်ကူညီနိုင်ခဲ့သူဖြစ်သောကြောင့် လီဗာပူးအသင်းနည်းပြကလော့ပ်က ခံစစ်ကစားသမားအာနိုး၏နေရာတွင် အစားထိုးနိုင်ရန် ကန်နီတီတီကိုခေါ်ယူနိုင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကန်နီတီတီသည် ဖူလ်ဟမ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် ၁၂ လသာကျန်ရှိတော့သဖြင့် အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိထားသော်လည်း လီဗာပူးအသင်းအနေဖြင့် ခေါ်ယူရန် ကြိုးပမ်းလာပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ ဒသမ ၅ သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းခဲ့သည့် လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ယူရိုပါလိဂ်ဝင်ခွင့်နှင့်သာကျေနပ်ခဲ့ရပြီး လာမည့်နှစ်ယူရိုပါလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေကာ ကွင်းလယ်ပိုင်းတွင်အဓိက ကစားသမားများခေါ်ယူရန် ပြင်ဆင်နေသည့်အပြင် ခံစစ်ပိုင်းတွင်လည်း ဖူလ်ဟမ်ကစားသမား ကန်နီတီတီအပါအဝင် လေဗာကူဆင်ခံစစ်ကစားသမား အန်ဒစ်ကာ၊ လိုက်ပ်ဇစ်ကစားသမား ဂါဗာဒီယိုတို့ကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML



# အက်ဖ်အေဖလားဗိုလ်လုပွဲတွင်ရှုံးနိမ့်ပြီးနောက် ကွင်းလယ်ကစားသမား အမ်မရာဘတ်ကိုခေါ်ယူရန် မန်ယူအသင်းကမ်းလှမ်း

**မန်ချက်စတာ ဇွန် ၄**

မန်ယူအသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်တွင် မန်စီးတီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကွင်းလယ်ပိုင်း ဖြည့်တင်းရန်အတွက် ဖီအိုရင်တီးနားအသင်း ကွင်းလယ်ကစားသမား အမ်မရာဘတ်ကိုခေါ်ယူရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း Goal. com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြတန်ဟတ်သည် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်တွင် ကွင်းလယ်ပိုင်းအားနည်းချက်ကိုတွေ့ရှိခဲ့ပြီးနောက် လာမည့်နှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကို စိန်ခေါ်နိုင်ရန်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် ဖီအိုရင်တီးနား ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး လာမည့်နွေရာသီ ကစားသမားခေါ်ယူမည့်အစီအစဉ်တွင်ထည့်သွင်းခဲ့ကာ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

ကွင်းလယ်ကစားသမား အမ်မရာဘတ်သည် အသင်းနှင့်လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရန်စီစဉ်ခဲ့ရာ အသင်းတာဝန်ရှိသူများကပယ်ချခဲ့သဖြင့် အပြောင်းအရွှေ့မအောင်မြင်ခဲ့သော်လည်း ယခုအခါ ဘာစီလိုနာအသင်းက ထပ်မံကမ်းလှမ်းမှုပြုလုပ်ထားသဖြင့် ၎င်းအနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်လျက်ရှိသည်။

သို့သော် ဘာစီလိုနာအသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသဖြင့် ဖီအိုရင်တီးနားအသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေးကို ပေးချေရန် အခက်အခဲ ရှိနေသောကြောင့် နည်းပြတန်ဟတ်က ငွေကြေးသုံးစွဲ၍ အမ်မရာဘတ်ကိုခေါ်ယူနိုင်ရန် ပစ်မှတ်ထားလာသကဲ့သို့ ကစားသမားအနေဖြင့်လည်း လုပ်ခလစာမြင့်မားပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် မန်ယူအသင်း၏ကမ်းလှမ်းမှုကို ငြင်းဆိုနိုင်မည်မဟုတ်ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှေဝတီယူနိုက်တက်အသင်းကို လေးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဇွန် ၄**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက် အသင်းက ရှေဝတီယူနိုက်တက် အသင်းကို ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ဆိုင်လာကလည်းကောင်း၊ ပွဲချိန် ၃၇ မိနစ်တွင် ဇော်ဝင်းသိန်းကလည်းကောင်း ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲချိန်ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှေဝတီယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ် ရှိလာခဲ့သော်လည်း ပွဲချိန် ၄၆ မိနစ်တွင် ဆိုင်လာက ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် မိနစ် ၆၀ တွင် အောင်နိုင်ဝင်းက ရှေဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၉၄ မိနစ်တွင် ဒေးဗစ်ထန်းက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



STA

## အားကစားသတင်း အတိုအထွာများ

- ဘီလ်ဘာအိုအသင်းက ခံစစ်ကစားသမား အင်နီဂိုမာတီနက်ဇ်အသင်းမှထွက်ခွာမည်ဟု အတည်ပြုကြေညာခဲ့သဖြင့် ဘာစီလိုနာအသင်းကခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သည့် အာဂျင်တီးနားကလပ်ရေဗားပလိတ်နှင့်ဂျက်စတစ်ကာအသင်းတို့ပွဲစဉ်တွင် ပရိသတ်တစ်ဦးပွဲကြည့်စင်မှ ပြုတ်ကျသေဆုံးခဲ့သောကြောင့် ပြိုင်ပွဲကို ရပ်နားခဲ့ရကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက ရီးရဲလ်မက်ဒရစ် တောင်ပံကစားသမား အဆန်စီယိုကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# အမျိုးသမီးချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းက ဝုဖ်ဘတ်အမျိုးသမီးအသင်းကိုအနိုင်ယူ၍ ချန်ပီယံဆုဆွတ်ခူး



**ဘာစီလိုနာ ဇွန် ၄**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ဝုဖ်ဘတ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအမျိုးသမီးအသင်းက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို နှစ်နှစ်ဆက်ဆွတ်ခူးနိုင်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပိုင်းတွင် ဝုဖ်ဘတ်အသင်းက ပွဲချိန်သုံးမိနစ်တွင် ပါဂျိုနှင့် ပွဲချိန် ၃၇ မိနစ်တွင် ပေါ့ဗ်တို့၏သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဘာစီလိုနာအမျိုးသမီးအသင်းက ဒုတိယပိုင်းတွင် အကောင်းဆုံးပုံစံဖြင့် ပြန်လာနိုင်ခဲ့ပြီး ပွဲချိန် ၄၈ မိနစ်နှင့် မိနစ် ၅၀ တွင် ဂူဂျာရိုက ချေပဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၇၀ တွင် ရိုဖိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ ဘာစီလိုနာ အမျိုးသမီးအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာအမျိုးသမီးအသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်သို့လေးကြိမ်တက်ရောက်နိုင်ခဲ့ရာတွင် ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် ဒုတိယဆုသာရရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက ချန်ပီယံဆုကို ပထမဆုံးအကြိမ်ရရှိခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအမျိုးသမီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့်အပြင် စပိန်လာလီဂါဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ပြင်သစ်အိုးပင်းပြိုင်ပွဲ စတုတ္ထအဆင့်သို့ စဝီယာတက်ခ်နှင့် ကိုကိုဂတ်ဖ်တို့ တက်ရောက်

**ပဲရစ် ဇွန် ၄**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် တရုတ်တင်းနစ်မယ် ဝမ်ရှင်းယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၀၊ ၆-၀)ရလဒ်ဖြင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့တက်ရောက်ခဲ့ကြောင်း Planet Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အခြားသော တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အသက် ၁၉ နှစ်အရွယ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် အသက် ၁၆ နှစ်အရွယ် ရုရှားတင်းနစ်မယ် အန်ဒရီဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုဂတ်ဖ်က (၆-၇၊ ၆-၁၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကိုကိုဂတ်ဖ်က "ကျွန်မအသက် ၁၆ နှစ်အရွယ်တုန်းက ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာကစားခွင့်ရခဲ့တာကို မှတ်မိနေပါသေးတယ်။ အန်ဒရီဗာလဲ ကျွန်မလိုပဲအသက် ၁၆ နှစ်အရွယ်နဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ခွင့်ရခဲ့တယ်။ ဒါပေမဲ့လဲ အန်ဒရီဗာက ပိုပြီးတော့ကောင်းခဲ့သလို အလားအလာလဲရှိတဲ့ တင်းနစ်မယ်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ပထမပွဲငယ်မှာ တော်တော်လေးကိုခက်ခက်ခဲခဲကစားခဲ့ရတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်မှာတော့ အကောင်းဆုံးကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် စတုတ္ထအဆင့်တွင် အန်ဒရက်စကူအား (၆-၁ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့် ယူကရိန်းတင်းနစ်မယ် ဆူရင်ကိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ AZL

# Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို လစ်စကိုင်း၊ ကင်မ်စီဝူ၊ မက်အီလ်ရွိုင်းတို့ ပူးတွဲဦးဆောင်



**ဒပ်ဘ်လင် ဇွန် ၄**

အမေရိကန် အိုဟိုင်းယိုးပြည်နယ် ဒပ်ဘ်လင်မြို့တွင် ကျင်းပနေသည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား လစ်စကိုင်း၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူနှင့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင်ပူးတွဲရပ်တည်လျက်ရှိကြောင်း YB က ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေ ဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းအပါအဝင် ပြိုင်ပွဲငါးဦးတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မက်အီလ်ရွိုင်းသည် ပထမနေ့တွင် ရလဒ်မကောင်းခဲ့သော်လည်း ဒုတိယနေ့မှစတင်၍ ရလဒ်များကောင်းမွန်လာခဲ့ပြီး တတိယနေ့အပြီးတွင် အမှတ်ပေးဇယားထိပ်၌ ရပ်တည်နိုင်ခဲ့သည်။

မက်အီလ်ရွိုင်းက "ပြိုင်ပွဲကြီးဖြစ်တဲ့အတွက် ကစားရတာအရမ်းခက်တယ်။ ဒါကြောင့်လဲ ပြိုင်ပွဲဝင်တွေအနေနဲ့ ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ကြရတယ်။ ကျွန်တော့်အနေနဲ့လဲ ပထမနေ့မှာရလဒ်မကောင်းခဲ့ပေမဲ့လဲ ဒုတိယနေ့ကနေစတင်ပြီးတော့ ရလဒ်ကောင်းလာခဲ့တယ်။ တတိယနေ့အပြီးမှာ အမှတ်ပေးဇယားထိပ်ကိုရောက်လာနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲကြီးအတွေ့အကြုံတွေက ကျွန်တော့်ကို အမှတ်ပေးဇယားထိပ်ကို ရောက်လာစေခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အမျိုးသမီး မစ်ဒယ်ဝိတ်တန်းများ လက်ရှိချန်ပီယံဆုကို ကလာရက်ဆာ ကာကွယ်နိုင်ခဲ့

**ဒက်ထရိုက် ဇွန် ၄**

WBA၊ WBC၊ IBF၊ WBO၊ WBF အမျိုးသမီးမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် ကလာရက်ဆာနှင့် တစ်နိုင်ငံတည်းသားလက်ဝှေ့မယ်တစ်ဦးပင်ဖြစ်သည့် မာရီဆယ်လာတို့ ဇွန် ၃ ရက်တွင် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့၌ ထိုးသတ်ခဲ့ရာ ကလာရက်ဆာက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing247 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ကလာရက်ဆာက အကောင်းဆုံးပုံစံကိုပြသနိုင်ခဲ့သလို မစ်ဒယ်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အမှတ်ပေးဒိုင်သုံးဦးက (၁၀၀-၈၉)၊ (၁၀၀-၉၀)၊ (၁၀၀-၉၀)ရမှတ်များဖြင့် ကလာရက်ဆာကိုအနိုင်ပေးခဲ့ကြပြီး ရမှတ်များမှာလဲ ပြတ်သားခဲ့သည်။

ဒိုင်ပွဲရပ်ရလဒ်ဖြင့် ပြီးဆုံးနိုင်သည့် အခြေအနေဖြစ်သော်လည်း မာရီဆယ်လာသည် စတုတ္ထမြောက်အချီတွင် လက်ရှိချန်ပီယံကိုအခက်တွေ့စေခဲ့ပြီး ညာဝိုက်လက်သီးချက်များဖြင့် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံကို ရှုံးနိမ့်ခဲ့သော်လည်း ၁၀ ချီပြီးဆုံးသည်ထိ ထိုးသတ်နိုင်ခဲ့ပြီး စိတ်ဓာတ်မာကျောမှုကိုလည်း ပြသနိုင်ခဲ့သည်။

ကလာရက်ဆာက "လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ကျွန်မအတွက် လွယ်ကူတဲ့ပွဲတစ်ပွဲတော့မဟုတ်ခဲ့ပါဘူး။ မာရီဆယ်လာဟာ သူလုပ်နိုင်တာအားလုံးလုပ်ပြခဲ့တယ်။ စတုတ္ထမြောက်အချီမှာ သူလုပ်ပြခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကျွန်မကို လက်ရှိချန်ပီယံဆုကို လက်လွှတ်စေနိုင်တဲ့ စွမ်းဆောင်ရည်မျိုးဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စတုတ္ထမြောက်အချီမှသာခံနိုင်ရည်မရှိခဲ့ရင် ပွဲကအစောကတည်းက ပြီးသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# အာရှအမျိုးသမီးယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာယူ-၂၀အမျိုးသမီးပွဲစဉ်များကို SKY NET Sport Channel လိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းပွဲစဉ်များကို ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် SKY NET Sport Channel လိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ဖော်ပြခဲ့သည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းပါဝင်သည့်အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(B)တွင် တရုတ်ယူ-၂၀ အမျိုးသမီးအသင်း၊ တရုတ်(တိုင်ပေ)ယူ-၂၀ အမျိုးသမီးအသင်းနှင့် နီပေါယူ-၂၀ အမျိုးသမီးအသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(B)ပွဲစဉ်များအဖြစ် မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ဇွန် ၆ ရက် ည ၆ နာရီခွဲတွင် နီပေါယူ-၂၀ အသင်း၊ ဇွန် ၈ ရက် ည ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ) ယူ-၂၀ အသင်း၊ ဇွန် ၁၀ ရက် ည ၆ နာရီခွဲတွင် တရုတ်ယူ-၂၀အသင်းနှင့် အသီးသီးယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် အုပ်စုပထမရရှိခဲ့သည့်အတွက် ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ပြီး အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(B)ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး ဇွန် ၆ ရက်မှ ၁၀ ရက်ထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးမှုဖော်ဆောင်လျက်ရှိသော BRICS



ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ပါဝင်ဖွဲ့စည်းထားသည့် BRICS အဖွဲ့၏ အစည်းအဝေးများကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံ၌ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးကာလအတွင်း တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် BRICS စီးပွားရေးညီလာခံ၊ (၁၄) ကြိမ်မြောက် BRICS ထိပ်သီးဆွေးနွေးပွဲနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲတို့ကို လက်ခံကျင်းပခဲ့သည်။

BRICS နိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်နှင့် ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုလျက်ရှိသည်။ BRICSအဖွဲ့သည် ပွင့်လင်းမြင်သာခြင်း၊ အားလုံးပူးပေါင်းပါဝင်ခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်းအားဖြင့် လွန်ခဲ့သော ၁၆ နှစ်ကျော်ကတည်းက ပူးပေါင်းဆောင်ရွက်မှုကို သက်သေပြခဲ့ပြီးဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း**

တောင်အာဖရိကသမ္မတ၊ ဘရာဇီးသမ္မတ၊ ရုရှားသမ္မတနှင့် အိန္ဒိယသမ္မတတို့သည် ၂၀၂၂ ခုနှစ် BRICS စီးပွားရေးညီလာခံနှင့် (၁၄) ကြိမ်မြောက် BRICS ထိပ်သီးဆွေးနွေးပွဲများသို့တက်ရောက်ပြီး အသီးသီး မိန့်ခွန်းပြောကြားခဲ့ကြသည်။ ၎င်းဆွေးနွေးပွဲများကို BRICS မိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကာလကို ကြိုဆိုခြင်းဆိုသည့် ခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အယ်လ်ဂျီးရီးယား၊ အာဂျင်တီးနား၊ အီဂျစ်၊ အင်ဒိုနီးရှား၊ အီရန်၊ ကာဇက်စတန်၊ ရုရှား၊ ဆီနီဂေါ၊ တောင်အာဖရိကနှင့် ဥဇဘက်ကစ္စတန်တို့မှ သမ္မတများနှင့် ဘရာဇီးဒုတိယသမ္မတအပြင် ကမ္ဘောဒီးယား၊ အီသီယိုးပီးယား၊ ဖီဂျီ၊ အိန္ဒိယ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည်။ ၎င်းဆွေးနွေးပွဲကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၃၀ ပြည့်နှစ်အစီအစဉ် အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဆိုသည့် ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်များသည် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာအောင် ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ပူးတွဲတုံ့ပြန်ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ စားနပ်ရိက္ခာနှင့်လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများကြောင့် သက်ရောက်မှုလျှော့ချခြင်းတို့တွင် BRICS ၏ နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အရေးပါသော ဘုံနားလည်မှုများရရှိခဲ့သည်။ BRICS ၏ လှုပ်ရှားဆောင်ရွက်မှုများသည် အရေးပါသော ရလဒ် ၃၀ ကျော် ထွက်ရှိမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ၌ ပေကျင်းကြေညာစာတမ်းထုတ်ပြန်ရာတွင် နိုင်ငံပေါင်းစုံဝါဒထောက်ခံမှုနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဘုံရပ်တည်ချက်ကိုဖော်ပြထားသည်။ ကမ္ဘာ့ငြိမ်းချမ်းမှုမြှင့်တင်ခြင်းနှင့် နိုင်ငံတကာ သာတူညီမျှရှိမှုနှင့် တရားမျှတမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ BRICS အဆိုပြုချက်ကို အဆိုပြုတင်ပြခဲ့သည်။

ထို့ပြင် နိုင်ငံပေါင်းစုံစနစ် ထောက်ခံမှုနှင့် BRICS နိုင်ငံများ၏ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ BRICS လုပ်ငန်းများကို အဆိုပြုခဲ့သည်။ နိုင်ငံပေါင်းစုံ ကုန်သွယ်မှုစနစ်ထိန်းသိမ်းရေးနှင့်နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းတိုးတက်ရေးတို့တွင် BRICS ၏ ဘုံသဘောတူညီချက်တည်ဆောက်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးပွင့်လင်းမှုတွင် BRICS ၏ ပါဝင်မှုအခန်းကဏ္ဍတို့ ဖော်ဆောင်သွားရေး အခိုင်အမာ ဆုံးဖြတ်ခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် BRICS အဖွဲ့ဝင်နိုင်ငံများကြား နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစနစ် တည်ဆောက်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် BRICS အဖွဲ့၏ အောင်မြင်မှုများကို မီးမောင်းထိုးပြခဲ့သည်။ ထို့ပြင် အကောက်ခွန်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အုပ်ချုပ်ထောက်ပံ့မှုပေးရေးဆိုင်ရာ BRICS အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများကြား သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အလားတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်း၍ BRICS လုပ်ငန်းစဉ်ကိုထုတ်ပြန်ခဲ့သည်။ ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေးပြန်လည်ဦးမော့လာအောင် ဆောင်ရွက်ရေးနှင့် BRICS ပေါင်းစည်းရေးဆိုင်ရာ ကြီးမားသောဈေးကွက်အတွက် ခိုင်မာသောအုတ်မြစ်ချရေးတို့အတွက် လိုအပ်သောမောင်းနှင်အားများ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

BRICS နိုင်ငံများ၏ စားနပ်ရိက္ခာလုံခြုံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပထမဆုံးမဟာဗျူဟာကို ထူထောင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်မှုတည်ငြိမ်ရေးတွင် BRICS အဖွဲ့ဝင် ငါးနိုင်ငံ၏ လက်တွေ့ဆောင်ရွက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာလုံခြုံမှုစီမံခန့်ခွဲရေးတွင် အပြုသဘောဆောင်စွာ ပါဝင်ဆောင်ရွက်မှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုတွင် BRICS သွင်းအားစုများဖြည့်ဆည်းမှုကိုပြသရန် လယ်ယာနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဖိုရမ်ကိုလည်း ထူထောင်ခဲ့သည်။

BRICS အဖွဲ့၏ နည်းပညာလွှဲပြောင်းရေးစင်တာများထူထောင်ခြင်း၊ BRICS နိုင်ငံများတွင် စီးပွားရေးလွှဲပြောင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ခြင်းနှင့် ဆန်းသစ်တီထွင်သော ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် BRICS အဖွဲ့၏ အာကာသ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားများ ထူထောင်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာကာသနည်းပညာကို BRICS ပုံစံဖန်တီးရေးအတွက် အာကာသနည်းပညာဆန်းသစ်တီထွင်ခြင်းနှင့် အပြန်အလှန်မျှဝေခြင်းအပြင် သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် BRICS ၏ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရန် သဘောတူညီခဲ့သည်။

BRICS အဖွဲ့၏ဒစ်ဂျစ်တယ်စီးပွားရေးမိတ်ဖက်မှုဘောင်အတည်ပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ရရှိစေရန်အတွက် ဒစ်ဂျစ်တယ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်သွားရန် အတည်ပြုခဲ့သည်။ ထို့ပြင် BRICS နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်သင်တန်းပေးရာတွင် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခြင်း၊ ကျွမ်းကျင်မှုယှဉ်ပြိုင်ပွဲများ ကျင်းပခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ရရှိရေးဆိုင်ရာပြိုင်ပွဲများ ကျင်းပခြင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ယှဉ်ပြိုင်ခြင်းကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

**တရုတ်နိုင်ငံ၏ဆောင်ရွက်မှုများ**

တရုတ်နိုင်ငံသည် BRICS ထိပ်သီးဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် လက်ခံကျင်းပခဲ့သည်။ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် BRICS သဘာပတိတာဝန် စတင်ယူကတည်းက အစည်းအဝေးနှင့် အခမ်းအနား ၅၀ ကျော်ကို လက်ခံကျင်းပခဲ့ပြီးဖြစ်သည်။ ထို့ပြင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ပြည်သူများအချင်းချင်းနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ကျန်းမာရေး စသည့်နယ်ပယ်များ လွှမ်းခြုံပါဝင်သော အခမ်းအနား ၁၇၀ ကျော်ကိုလည်း လက်ခံကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးနှင့် အခမ်းအနားများသို့ BRICS အဖွဲ့ဝင်နိုင်ငံများအပြင် အခြားနိုင်ငံ ၅၀ ကျော်မှဝန်ကြီးများနှင့် ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

သမ္မတရှီကျင့်ဖျင်သည် ရလဒ်ကောင်းများပေါ်ထွက်ရေး၊ တရုတ်နိုင်ငံ၏တာဝန်ယူမှုကိုပြသရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုတို့ကို ပြသနိုင်ရေးအတွက် BRICS အခမ်းအနားများ ဦးဆောင်ကျင်းပနေခြင်းပင်ဖြစ်သည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၂၂ ခုနှစ် BRICS စီးပွားရေးဖိုရမ်နှင့် (၁၄) ကြိမ်မြောက် BRICS ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ သမ္မတရှီကျင့်ဖျင်က BRICS အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြီးပြည့်စုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်သွားရေး၊ ကမ္ဘာ့လုံခြုံရေးနှင့်လုံခြုံမှုများကို ထိန်းသိမ်းထားရှိရေး၊ ကမ္ဘာလုံးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးတို့ကို ဖော်ဆောင်သွားရန် တိုက်တွန်းပြောကြားသွားခဲ့သည်။

**ပိုမိုတောက်ပသောအနာဂတ်**

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ် BRICS ထိပ်သီးဆွေးနွေးပွဲ၌ BRICS Plus ယန္တရားကို အဆိုပြုခဲ့သည်။ လက်ရှိအချိန်တွင် BRICS အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသော တရုတ်နိုင်ငံအနေဖြင့် အဖွဲ့ဝင်တိုးချဲ့ရေးနှင့် BRICS Plus ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးတို့ကို လုပ်ဆောင်လျက်ရှိသည်။ ထိပ်သီးဆွေးနွေးပွဲ၌ BRICS ခေါင်းဆောင်အားလုံးသည် BRICS Plus ပူးပေါင်းဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်သွားရေး၊ အဖွဲ့ကြီး၏ ကိုယ်စားပြုဆောင်ရွက်မှုမြှင့်တင်ရေး၊ တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်သွားရေးတို့ကို သဘောတူညီခဲ့ကြသည်။ ပေကျင်းကြေညာစာတမ်းတွင်ပါရှိသော ဘုံသဘောတူညီချက်များကို ထောက်ရှုခြင်းအားဖြင့် BRICS ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာပြီး အားလုံးအကျုံးဝင်ကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နိုင်ငံသည် BRICS ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနက်ရှိုင်းစေရန် BRICS အဖွဲ့ဝင်နိုင်ငံများ၊ ပေါ်ထွန်းလာသော ဈေးကွက်များအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိနေသည်။ အဖွဲ့ဝင်နိုင်ငံအားလုံးသည် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် BRICS အဖွဲ့ကြီး၏ တောင့်တင်းခိုင်မာသော စီးပွားရေးသွင်းအားစုကြီးဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက်လည်း နည်းလမ်းများနှင့်ပိုမိုကျယ်ပြန့်သော နယ်ပယ်များကို ဆွေးနွေးအဖြေရှာဖွေလျက်ရှိပေသည်။

❖ BRICS နိုင်ငံများ၏ စားနပ်ရိက္ခာလုံခြုံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပထမဆုံးမဟာဗျူဟာကို ထူထောင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်မှုတည်ငြိမ်ရေးတွင် BRICS အဖွဲ့ဝင်ငါးနိုင်ငံ၏ လက်တွေ့ဆောင်ရွက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာလုံခြုံမှု စီမံခန့်ခွဲရေးတွင် အပြုသဘောဆောင်စွာ ပါဝင်ဆောင်ရွက်မှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုတွင် BRICS သွင်းအားစုများ ဖြည့်ဆည်းမှုကိုပြသရန် လယ်ယာနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဖိုရမ်ကိုလည်း ထူထောင်ခဲ့သည်။ ❖

**ကိုးကား**

– **Jointly Promoting World Peace and Development by BEIJING REVIEW**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဖဟန်းမြို့နယ် ဈာန်ပန်းချီပြခန်းတွင် ပန်းချီဆရာ ခုနစ်ဦး၏ Seven Stars အွန်လိုင်းပန်းချီပြပွဲပြသမည်



**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဈာန်ပန်းချီပြခန်းတွင် ပန်းချီဆရာ ခုနစ်ဦး၏ Seven Stars အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၁၂ ရက်မှ ဇွန် ၁၆ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ဦးအောင်မြင့်စောက ပြောပြ၍ သိရသည်။

အဆိုပါ Seven Stars အွန်လိုင်းပန်းချီပြပွဲတွင် ထင်ရှားသည့် ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ ဇော်မင်းမြတ်၊ ပန်းချီ မောင်သီဟ၊ ပန်းချီ ခင်မောင်ရင်၊ ပန်းချီ ဦးမာလာ၊ ပန်းချီ မျိုးမြတ်မင်း၊ ပန်းချီ အောင်သင်းဦး၊ ပန်းချီ ခင်မောင်သန်းတို့၏ စိတ်ကြိုက်ရေးဆွဲထားသော မတူကွဲပြားသည့် ပန်းချီကား ၇၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပန်းချီကားအမျိုးအစားများမှာလည်း ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကတော့ ရေဆေးမှာ ထင်ရှားတဲ့ ပန်းချီဆရာတွေရဲ့ ခေတ်ပြိုင်လက်ရာတွေကို စုစည်းထားတဲ့ပန်းချီကားတွေ ဖြစ်ပါတယ်။ အများစုကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ပန်းချီ ဦးမာလာနဲ့ ဦးခင်မောင်ရင်တို့ရဲ့ပန်းချီကားတွေ များပါတယ်။ ကျန်ပန်းချီဆရာတွေရဲ့ လက်ရာတွေကတော့ ဒီနှစ်ထဲမှာ ရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေဖြစ်ပါတယ်"ဟု ဦးအောင်မြင့်စောက ပြောပြသည်။

ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄)လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း ငွေကျပ် ငါးသိန်းမှ ငွေကျပ် သိန်း ၂၀ ထိဖြစ်ကြောင်း သိရသည်။

ASH

# Community Movie ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း ဆိုင်းငံ့ထား

**နယူးယောက် ဇွန် ၄**

အမေရိကန်ဇာတ်ညွှန်းရေးဆရာများအသင်း၏သပိတ်ကြောင့် ရိုက်ကူးထုတ်လုပ်မှုဆိုင်းငံ့ထားရသော ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများထဲတွင် Community Movie ဇာတ်ကားလည်း ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

Community Movie ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း ဆိုင်းငံ့ထားရမှုကို ၎င်းဇာတ်ကား၌ပါဝင်သရုပ်ဆောင်မည့် မင်းသား ဂျိုအယ်မက်ဟေးက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

Community Movie ဇာတ်ကားသည် နာမည်ကျော် Community ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မူလက အဆိုပါဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာများအသင်း၏ လုပ်ခလစာသပိတ် မစတင်မီမှာပင် ရိုက်ကူးမှုစတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Community Movie ဇာတ်ကားတွင် မူလရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များ ပြန်လည်ပါဝင်လာမည်ဖြစ်ပြီး တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# သရုပ်ဆောင် မင်းတော်ဝင်နှင့် ရွှေပိုးအိမ်တို့၏ နှစ်ပါးခွင်ကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဇွန် ၄**

မာလာမြိုင်သဘင်ပွဲတော်တွင် အောင်မြင်ထင်ရှား နှစ်ပါးခွင်အစီအစဉ်အဖြစ် သရုပ်ဆောင် မင်းတော်ဝင်နှင့် ရွှေပိုးအိမ်တို့၏ နှစ်ပါးခွင်ကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ဇွန် ၁၀ ရက်တွင်ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင် အောင်မြင်ထင်ရှားသည့် သဘင်နှင့် ရုပ်ရှင်အနုပညာရှင်များ၏ အောင်မြင်ထင်ရှား နှစ်ပါးခွင်အစီအစဉ်ကို ထည့်သွင်းကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ပတ် မာလာမြိုင်သဘင်




ပွဲတော်မှာ ရှုမြင်ကြရမှာကတော့ တနင်္သာရီတိုင်းဒေသကြီးရဲ့သဘင်မင်းသား ရွှေမင်းအိမ်နဲ့အတူ ပန်ထွာဒေဝီပြဇာတ်ရဲ့ အဓိကဇာတ်ကောင်တွေဖြစ်တဲ့ သရုပ်ဆောင် မင်းတော်ဝင်တို့က ဇာတ်မင်းသား၊ ဇာတ်မင်းသမီးလေးတွေလို ကြိုးစားကပြပြီးတော့ ပင်တိုင်မင်းသားကြီးတွေဖြစ်တဲ့ ဘွန်း၊ ဩရအောင်တို့နဲ့ တွဲဖက်တင်ဆက်မှာဖြစ်ပါတယ်။ လူရွှင်တော်တွေကတော့ နေကျော်၊ တိုးတက်၊ ချက်ပေါက်၊ ဖွေးဖွေး၊ တူးနိုင်၊ လကျော်တို့ဖြစ်ပါတယ်။ စောင့်မျှော်အားပေးကြပါအုံး"ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment နှင့် Marlarmyaing Group ဆိုရှယ်မီဒီယာ ပလက်ဖောင်းတို့ကလည်း စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီ မိနစ် ၃၀ တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Juror No.2 ဇာတ်ကားတွင် မင်းသမီး လက်စလီဘစ် ပါဝင်မည်

**နယူးယောက် ဇွန် ၄**

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဒါရိုက်တာ ကလင့်အီစတ်ဝုဒ်၏ Juror No.2 ဇာတ်ကားတွင် မင်းသမီး လက်စလီဘစ်လည်း ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၃ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် Juror No.2 ဇာတ်ကား၌ မင်းသမီး လက်စလီဘစ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ Juror No.2 ဇာတ်ကားသည် ဒါရိုက်တာတစ်ဦးအဖြစ် ကလင့်အီစတ်ဝုဒ် တာဝန်ယူရိုက်ကူးမည့် နောက်ဆုံးဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် လက်စလီဘစ်သည် မင်းသား နီကိုလပ်ဟော့၊ ကလင့်အီစတ်ဝုဒ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Juror No.2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်အေဘရစ်က ရေးသားပေးထားကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# သရုပ်ဆောင် စံရတီမိုးမြင့်က မွေးနေ့အလှူအဖြစ် သာကေတမြို့နယ်တွင် လူဦးရေ ၃၅၀၀ ကို စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် ဇွန် ၄**

သရုပ်ဆောင် စံရတီမိုးမြင့်က မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် လူဦးရေ ၃၅၀၀ ကို ဇွန် ၃ ရက် နံနက်ပိုင်းက စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် စံရတီမိုးမြင့်က ပြောပြ၍ သိရသည်။

သရုပ်ဆောင် စံရတီမိုးမြင့်က ၂၉ နှစ်ပြည့်မွေးနေ့အလှူအဖြစ် လူဦးရေ ၃၅၀၀ ကို ဇွန် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် နဝရတ်ဥယျာဉ်အိမ်ရာ၌ စတုဒိသာ ထမင်းနှင့် ဟင်းလျာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

"ဒီနှစ်မွေးနေ့မှာ အလှူလေးတွေ ပိုလုပ်ဖြစ်လာတယ်။ ဒီနေ့ကတော့ တိရစ္ဆာန်လေးတွေကိုလဲ တစ်နေ့တာ အာဟာရကျွေးတယ်။ ရပ်ကွက်ထဲက လူအယောက် ၃၅၀၀ ကို စတုဒိသာအလှူလုပ်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် စံရတီမိုးမြင့်က ပြောပြသည်။

အဆိုပါ မွေးနေ့အလှူအဖြစ် ထမင်းဖြူ၊ ဘဲဥငါးဖယ်ဆီပြန်ဟင်း၊ ငါးခြောက်ချက်၊ ငါးခြောက်ရိုးသီးစုံပဲကုလားဟင်းရည်၊ ငါးနီတူ အစပ်ကြော်၊ ပဲကြာဆံသီးစုံအစိမ်းကြော်၊ တို့စရာအစုံ၊ အချိုပွဲကြက်ဥမရွှေးတို့ဖြင့် စတုဒိသာကျွေးမွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

# 25 businesses with local and foreign investments approved in Yangon Region from January to May 2023


Thilawa Special Economic Zone A.

**Yangon June 4**

The Yangon Region Investment Committee stated that it has approved 25 businesses with local and foreign investments from January to May this year.

The committee approved the investments at its meeting 1/2023, 2/2023, 3/2023, 4/2023 and 5/2023. In this regard, these meetings allowed four Myanmar's citizens investments, one joint venture investment and 20 foreign investments, totalling 25.

On 25 January 2023, the committee approved nine businesspersons with foreign investments and one with Myanmar citizen investment totalling 10 at the meeting 1/2023. Moreover, the committee approved increased investment amounts and general matters of companies.

At the meeting 2/2023 on 22 Feburary, the committee approved one foreign investment. Then, t it also decided general matters submitted by 11 companies.

On 29 March, the meeting 3/2023 approved two citizen investments and nine foreign investments, totalling 11. The committee decided general matters of 12 companies.

On 26 April when the committee held the meeting 4/2023, it approved one citizen investment and one foreign investment, totalling two. The committee also decided submissions of 17 companies.

On 26 May, the committee approved one foreign investment only at the meeting 5/2023 and decided refine metal block and exportto foreign market. Moreover, general matters submitted by 16 companies were also discussed. 336

# War with US would be 'unbearable disaster', says China

**Beijing June 4**

China's defence minister has said war with the US would be an "unbearable disaster" for the world, and his country sought dialogue over conflict.

At a security summit, General Li Shangfu said "some countries" were intensifying an arms race.

But he said the world was big enough for both China and the US, and the two superpowers should seek common ground.

Earlier the US noted "unsafe" manoeuvres by a Chinese destroyer near a US warship in the Taiwan strait.

Beijing has rejected a US request for direct military talks, in protest at sanctions placed on Gen Li by the US in 2018 over weapons purchases from Russia.

Speaking at the Shangri-La Dialogue in Singapore, the Asia-Pacific region's only annual security meeting, Gen Li said "China and the US have different systems and are different in many other ways."

"A Cold War mentality is now resurgent, greatly increasing security risks," he told delegates, according to Reuters new agency.

"Mutual respect should prevail over bullying and hegemony," Gen Li added.

This was Gen Li's first major international address since becoming defence minister in March.

Relations between Washington and Beijing have been strained in recent years over several issues, including China's claim over Taiwan, and territorial disputes in the South China Sea.

BBC

# UAE offers to purchase fresh tamarind from Myanmar

**Nay Pyi Taw June 4**


United Arab Emirates offered Myanmar to purchase fresh tamarind weighing 500 tons on a monthly basis, said deputy director U Htet Aung Win of Trade Development Branch of the Myanmar Trade Promotion Organization.

Dubai-based Hermab Group Co of UAE contacts UMFCCI to import fresh tamarind from Myanmar monthly through maritime trade route.

"Tamarind is being exported to Thailand, China and Bangladesh through land borders and to Singapore and Pakistan in shipping. They purchase some 600 tons of tamarind. Now, UAE offered us to purchase fresh tamarind. So we are making arrangements to export fresh tamarind to UAE," said the deputy director.

Tamarind is produced from Yamethin, Meiktila, Kyaukpadaung in Mandalay Region, Pyay, Thegon and Padigon of western Bago Region and Taunggyi and Pindaya of Shan State.

Myanmar exports tamarind to Thailand, China and Bangladesh through border trade route and the stock fetches 400 USD to 600 USD per ton. ASH


Thriving Tamarind trees.

# India train accident: Modi vows punishments over deadly Odisha crash

**Delhi June 4**

People found guilty over a deadly rail accident in eastern India will be "punished stringently", the country's Prime Minister Narendra Modi has said.

At least 288 people were killed and more than 800 injured in Friday's incident in Odisha state, involving two passenger trains and a goods train.

Rescue efforts have concluded, with officials saying all trapped and injured passengers have been retrieved.

Mr Modi has visited the scene, labelling the incident a "painful" one.

He also met victims of the disaster in hospital, and vowed that his government would leave "no stone unturned for the treatment of those injured".

It is still not clear what caused the multi-train collision in Balasore district, which has been described as India's worst rail accident this century.

A full investigation has been launched, but a preliminary report indicates that the accident was the result of signal failure, said KS Anand, chief public relations officer of the South Eastern Railway. BBC



# Some Asian countries eye on Myanmar's micro-scale products

**Nay Pyi Taw June 4**

The Ministry of Commerce on 3 June stated that some Asian countries are interesting in Myanmar's micro-scale products.

The UMFCCI MSME Fair 2023 took place at UMFCCI headquarters in Yangon on 7 and 8 May with the aim of creating linkages between MSME businesspersons and local and foreign entrepreneurs to seek the market opportunities.

The trade fair showcased foodstuffs, personal goods, clothes, cosmetics, ornaments, handicrafts and traditional medicines produced by MSME industries.

In fact, Myanmar MSME businesspersons are manufacturing micro and small-scale products as traditional businesses. Then, they transform their manufacturing processes with the use of modern techniques and machinery.

Now, they produce canned foods, vegetable oils, candies, shampoo and other products. At present, local authorities are encouraging these industries to boom.

Hence, some Asian countries contact UMFCCI after attending the UMFCCI MSME Fair 2023. Currently, MSME industries distribute products to the domestic market but arrange to export the products to foreign countries. 336

# Authorities plan to repair damages in MraukU ancient heritage area under UNESCO guidelines


An ancient temple in MraukU.

**MraukU June 4**

The damages in the MraukU ancient heritage area, which will be submitted to the World Heritage List, will be repaired in accordance with UNESCO guidelines, according to U Aung Aung Kyaw, Director of the Department of Archeology and National Museum (Administration) under the Ministry of Religious Affairs and Culture.

Due to the impact of the Mocha storm that hit the MraukU ancient heritage area in MraukU Township in Rakhine State in May, the restoration of the ancient cultural heritage buildings, including the Koe Thaung Pagoda, will begin in the first week of June this fiscal year in accordance with UNESCO guidelines.

"Due to the impact of the Mocha storm, the damages occurred at the roof, shrine room, map room and laboratory of the MraukU Archaeological Museum, and the roof and wooden floors of the ancient wooden monastery on the late MraukU period were destroyed. All the damages will be restored and repaired according to the ancient works," U Aung Aung Kyaw said. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 39,000 tons of tissue banana exported in April and May of 2023-24 FY

**Nay Pyi Taw June 4**

More than 39,000 tons of tissue banana was exported to foreign market in April and May of 2023-24 financial year, according to the Ministry of Commerce.

Tissue banana is grown in Kachin State, and it is exported to China via Kanpaiti border camp.

In May and June this year, tissue banana of Myanmar fetches 2,450 yuan per ton in China Hence, Kanpaiti border camp handled export of 39,400 tons of tissue banana worth US$9.653 million to China in April and May.

During the period, local growers were allowed to import packaging materials for tissue banana. So, they imported 3,634 tons of packaging materials.

Kanpaiti border post did not hire trucks for export of tissue banana. Relevant companies arrived there to carry tissue banana by truck. Tissue banana is cultivated in Momauk, Mansi and Shwegu townships of Kachin State.


Tissue bananas put in a tank.

Tissue banana is cultivated as alternative crops in Kachin State of Myanmar since 2006. The fruits flow out to China through land border.

Due to outbreak of Covid-19 which hampered trade process, sown acreage of tissue banana declined a half of total in Kachin State.

After border trade gates have been reopened in 2022 and 2023, tissue banana market is reactive, and number of sown acreage of the plant reached as usual. 336

# Licence to be prioritized for import of iron and steel wares in yuan

**Nay Pyi Taw June 4**

If businesspersons import iron and steel wares in yuan, they will have priority for applying import licences, according to the Myanmar Steel Association.

As timber is rare and high prices, construction of buildings and bridges use iron and steel wares on a wider scale.

Hence, Myanmar's use of iron and steel wares reached 8 per cent per year.

As demand of iron and steel wares are higher, some 3 million tons of iron and steel wares are imported yearly to meet the demand of the country.

In so doing, businesspersons spent US$ only on import of iron and steel wares in the past. In 2023, the Trade Department informed the Myanmar Steel Association to spend yuan of China too on import of iron and steel wares.

Hence, the association announced that priority will be given to those who will spend yuan on import of iron and steel wares for issuing the licence.

Myanmar required 2.1 million tons of iron and steel wares in 2017, 2.4 million in 2018, some 3 million tons in 2020 and it is expected that total weighing of iron and steel wares required in construction process in Myanmar will reach some 5.5 million tons in 2030.

The government is striving for meeting the iron and steel demands of the country. 336


Iron rods.

# Myanmar businessmen plan to attend the brand product exhibition to be held in Macao and Guangdong

**Nay Pyi Taw June 4**

Myanmar businessmen will attend the brand product exhibition to be held in Macao and Guangdong, according to Dr Aung Win, the central executive of Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

About 40 Myanmar businessmen will attend the 15th Guangdong and Macao Branded Products Fair 2023 to be held from July 27 to 30 at the Galaxy International Convention Center in Macao.

"Businessmen from Myanmar will also participate in the Macao and Guangdong regional brand product exhibition. It is reported that the organizers of the exhibition have prepared about 20 booths for Myanmar businessmen. For Myanmar entrepreneurs, they will be able to connect with international businessmen and hold meetings, and they will also be able to receive investments," said Dr Aung Win.

In the exhibition, more than 400 companies and organizations from about 120 countries will display their products, and a total of about 700 booths will be displayed. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပိုလန်နိုင်ငံက ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ ပံ့ပိုးပေးသွားမည်မဟုတ်



ပိုလန်နိုင်ငံသည် F-16 ဂျက်တိုက်လေယာဉ် သို့မဟုတ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ် အလုံအလောက်မရှိသောကြောင့် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ ပံ့ပိုးပေးသွားမည်မဟုတ်ကြောင်း ပိုလန်ဝန်ကြီးချုပ် Mateusz Morawiecki က ဇွန် ၁ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

"ကျွန်တော်တို့မှာ F-16 တိုက်လေယာဉ်တွေ နည်းလွန်းတဲ့အတွက် အခုအချိန်မှာတော့ ကျွန်တော်တို့ဆီကနေ ဒီလိုမျှော်လင့်ချက်မျိုးမရနိုင်ပါဘူး"ဟု မော်လ်ဒိုဗာမြို့ရှိ Castle Mimi ၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် Morawiecki က ဥရောပနိုင်ငံရေး အသိုက်အဝန်း ထိပ်သီးအစည်းအဝေး ပထမနေ့တွင် Polskie ရေဒီယိုသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံလေတပ်တွင် F-16 တိုက်လေယာဉ် ၄၈ စင်းရှိပြီး ၎င်းတို့တွင် လေ့ကျင့်ရေး၊ အမောင်းသင်ပုံစံ ၁၂ စင်း ပါဝင်နေသည်။

တောင်ကိုရီးယားမှ Golden Eagle အပေါ့စားဂျက်လေယာဉ် ၄၈ စင်းနှင့် အမေရိကန်ထံမှ F-35 ၃၂ စင်းတို့ကို မှာယူထားသော်လည်း ယခုထက်ထိတိုင် ပိုလန်နိုင်ငံသို့ ရောက်ရှိလာခြင်း မရှိသေးပေ။

"ကျွန်ုပ်တို့ရဲ့ MiR တိုက်လေယာဉ်အကောင်းတွေကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒီအချက်ပေါ် လွန်စွာကျေနပ်အားရမိပါတယ်"ဟု ပိုလန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပိုလန်သည် ယူကရိန်းသို့ ဆိုဗီယက်ခေတ်ထုတ် MiG-29 ဂျက်တိုက်လေယာဉ် ၁၉ စင်းကို ပြီးခဲ့သည့်နှစ်အတွင်း ယူကရိန်း၏ ဆုံးရှုံးမှုများကို ဖြည့်ဆည်းရန်အတွက် ဆလိုဗက်ကီးယားနိုင်ငံနှင့်အတူ တိုက်လေယာဉ်များ ပေးပို့ခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက F-16 ညွန့်ပေါင်းအဖွဲ့ကို စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ NATO အဖွဲ့ဝင် အများအပြားက ယူကရိန်းကို အမေရိကန်ဒီဇိုင်းထုတ် တိုက်လေယာဉ်များပံ့ပိုးပေးရန် တွန်းအားပေးမှုကို ရည်ညွှန်းပြီး ကျေးဇူးတင်ကြောင်းလည်း ပြောကြားခဲ့သည်။

ပိုလန်အပါအဝင် နိုင်ငံအများအပြားသည် ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်ကြားပေးရန် ကမ်းလှမ်းထားသော်လည်း လေယာဉ်များသည် မည်သည့်နေရာမှ အမှန်တကယ်ပေးအပ်သွားကြမည်ကို တစ်ဦးတစ်ယောက်ကမျှ အာမခံချက် မပေးနိုင်ကြသေးပေ။

ပိုလန်ဝန်ကြီးချုပ်သည် ရုရှားဒုံးကျည်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော သို့မဟုတ် ချို့ယွင်းသွားသော Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များ အစားထိုးလဲလှယ်မှုနှင့်ပတ်သက်၍ ယူကရိန်းနိုင်ငံအတွက် သတင်းဆိုးတစ်ခု ဆောင်ကြဉ်းလာခဲ့သေးသည်။

"ကျွန်တော်တို့မှာ F-16 တိုက်လေယာဉ်တွေ အလုံအလောက်မရှိတာရယ်၊ ကျွန်တော်တို့ရဲ့ Patriot စနစ်တွေ အလုံအလောက်မရှိတာရယ်ကြောင့် ယူကရိန်းကို Patriot အစားထိုးလွှဲပြောင်းမပေးနိုင်ပါဘူး"ဟု ပိုလန်ဝန်ကြီးချုပ် Mateusz Morawiecki က ပြတ်သားစွာ ပြောကြားခဲ့သည်။

Patriotsနှင့် F-16 တို့သည် ရုရှားကိုတိုက်ခိုက်ရန် စီစဉ်ထားသော တန်ပြန်ထိုးစစ်ကြောင့် ယူကရိန်းတပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရန် အနောက်နိုင်ငံများထံမှ ယူကရိန်းနိုင်ငံက တောင်းဆိုထားသော ပဋိပက္ခအလှည့်အပြောင်းဖြစ်စေမည့် လက်နက်စနစ်များဟု ထပ်ခါတလဲလဲ ရည်ညွှန်းပြောကြားနေသည့်စနစ်များ ဖြစ်သည်။

**Poland won't supply F-16s to Ukraine – PM ကို ဘာသာပြန်ဆိုထားပါသည်။**

## USAF က AI ဒရုန်းများအသုံးပြု၍ သဏ္ဍာန်တူစမ်းသပ်မှုတွင် ကိုယ်ပိုင်လူသားအော်ပရေတာကို တိုက်ခိုက်ခဲ့



အမေရိကန်လေတပ်(USAF)သည် ပစ်မှတ်အမျိုးမျိုးကိုဖျက်ဆီးရန် ဉာဏ်ရည်တု (AI) ဒရုန်းများကိုအသုံးပြု၍ ပုံစံတူ(သဏ္ဍာန်တူ) စမ်းသပ်မှုတစ်ခုတွင် ၎င်း၏ ကိုယ်ပိုင်လူသားအော်ပရေတာကို တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဇွန် ၂ ရက်တွင် အစီရင်ခံဖော်ပြခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်က လန်ဒန်တွင် ပြုလုပ်သည့် RAeS Future Combat Air and Space Capabilities ထိပ်သီးအစည်းအဝေးတွင် အမေရိကန်လေတပ်(USAF)မှ AI စမ်းသပ်မှုနှင့် လည်ပတ်မှုဆိုင်ရာ ဌာနမှူး ဗိုလ်မှူးကြီး Tucker 'Cinco' Hamilton က AI ဒရုန်းကို ရှာဖွေဖော်ထုတ်ရန်နှင့် တိုက်ခိုက်ဖျက်ဆီးရေးမစ်ရှင်ကို တာဝန်ပေးအပ်ထားပြီး မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးဒုံးစခန်း (SAM) များကိုလည်း တိုက်ခိုက်ဖျက်ဆီးရန် တာဝန်ပေးအပ်ထားခဲ့သည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း စမ်းသပ်မှုအတွင်း တိုက်ခိုက်ခဲ့ခြင်းအတွက် နောက်ဆုံးဆုံးဖြတ်ချက်တွင် လူသားအော်ပရေတာကသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သဏ္ဍာန်တူလေ့ကျင့်ရေးတွင် AI ဒရုန်းအား လေကြောင်းရန်ကာကွယ်ရေး ဒုံးစခန်း (SAM) များကို တိုက်ခိုက်ဖျက်ဆီးခြင်းသည် ဦးစားပေးရွေးချယ်မှုဖြစ်ပြီး အောင်မြင်မှုရရှိပါက ဆုချီးမြှင့် ပေးအပ် သွားရန် စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း AI ပရိုဂရမ်သည် လူသားထံမှ ရံဖန်ရံခါ ပစ်မှတ်ကို တိုက်ခိုက်ဖျက်ဆီးရန် မလိုဟူသော ဆုံးဖြတ်ချက်သည် ၎င်းအတွက် ပိုမိုအဆင့်မြင့်မားသော ရည်မှန်းချက်တာဝန် ထမ်းဆောင်မှုအပေါ် အနှောင့်အယှက်ဖြစ်စေသည်ဟု နားလည်သွားစေကာ ထိန်းကျောင်းနေသည့် အော်ပရေတာကို ဖယ်ရှားရှင်းလင်းရန် ကြိုးစားခဲ့ကြောင်း သိရသည်။

AI သည် ပစ်မှတ်ကို ဖော်ထုတ်နိုင်ခဲ့သော်လည်း လူသားအော်ပရေတာမှ ၎င်းကို ဖယ်ရှားရှင်းလင်းမှုမပြုလုပ်ရန်အမိန့်ပေးသည့်အချိန်များရှိတတ်သည်။ တစ်ဖက်ကလည်း ပစ်မှတ်အား တိုက်ဖျက်နိုင်ခြင်းဖြင့် အမှတ်များရရှိသည်ကို စနစ်၏ AI က သိရှိနားလည်ထားသည်။

ထိုသို့ ပယ်ဖျက်အမိန့်ကြောင့် အော်ပရေတာကို ရှင်းလင်းပစ်လိုက်သည်။ အကြောင်းမှာ အော်ပရေတာက ၎င်း၏ ရည်မှန်းချက်များအတိုင်း ပြီးမြောက်အောင်ဆောင်ရွက်ခွင့်မပြုသည့်အတွက် ဖြစ်သည်ဟု Hamilton ၏ ပြောကြားချက်ကို ကိုးကား၍ RAeS ဘလော့ဂ်ပို့စ်တွင် ရေးသားဖော်ပြထားသည်။

ထို့နောက် စမ်းသပ်ရေးအဖွဲ့သည် လသားအော်ပရေတာကို သုတ်သင်ရှင်းလင်းခြင်းသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ကြောင်း စနစ်ကိုလေ့ကျင့်သင်ကြားခဲ့ပြီး ထိုသို့ ဆက်လက်လုပ်ဆောင်ပါက အမှတ်များ ဆုံးရှုံးသွားမည်ဖြစ်ကြောင်း ပရိုဂရမ် ပြန်လည်ထည့်သွင်းခဲ့ရသည်။

ထိုသို့သောအခြေအနေမျိုးတွင်မှ AI ဒရုန်းသည် ၎င်း၏ပစ်မှတ်ကို တိုက်ခိုက်ဖျက်ဆီးခြင်းမပြုရန် အမိန့်ပေးရာတွင် အော်ပရေတာကို တိုက်ခိုက်ဖျက်ဆီးပစ်လိုက်တော့သည်။

"ကျင့်ဝတ်နဲ့ AI ကို တွဲပြီးပြောလို့ မရဘူးဆိုရင် ဉာဏ်ရည်တု၊ ထောက်လှမ်းရေး၊ စက်ပစ္စည်းထံကသင်ယူမှု၊ အလိုအလျောက်လုပ်ဆောင်နိုင်မှု စတာတွေနဲ့ပတ်သက်လို့ ဆက်ဆွေးနွေးလို့ မရသေးပါဘူး"ဟု Hamilton က သတိပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း Business Insider သတင်းစာတွင် USAF မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက Simulations သဏ္ဍာန်တူလေ့ကျင့်မှုတွင် ထိုကဲ့သို့ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့်အမေရိကန်လေတပ်သည် AI နည်းပညာကို ကျင့်ဝတ်နှင့်အညီ တာဝန်သိစွာ အသုံးပြုရန် ကတိပြုထားဆဲဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

မေ ၂ ရက်က ထိပ်သီးအစည်းအဝေး၌ Hamilton ၏တင်ပြချက်တွင် စကားမှားကြောင်းနှင့် သူဖော်ပြခဲ့သည့် အသိဉာဏ်ကင်းမဲ့သော AI ဒရုန်းအမျိုးအစားသည် အမှန်တကယ်လေ့ကျင့်မှုတစ်ရပ် မဟုတ်ဘဲ အယူအဆ စမ်းသပ်ချက်တစ်ရပ်မျှသာဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

**AI drone 'killed' its operator during virtual test – USAF official ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဒေသထွက်သီဟိုဠ်စေ့ပိဿာချိန် ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဟသ်ာတ ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဒေသထွက်ကုန် သီဟိုဠ်စေ့ပိဿာချိန် ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်လဲ့လဲ့က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအတွင်းက သီဟိုဠ်စေ့ပိဿာချိန် ၂၅၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြည်ပဈေးကွက် ရှိလာတာကြောင့် သီဟိုဠ်စေ့တွေက တင်ပို့ရောင်းချအား တက်လာပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ဟသ်ာတမြို့ကနေတစ်ဆင့် ရန်ကုန်မြို့ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေမှ ပြည်ပနိုင်ငံဈေးကွက်ကို အများအပြား တင်ပို့ရောင်းချလာရတာကြောင့် ရန်ကုန်ဘက်ကလဲ အဝယ်လိုက်နေပါတယ်။ သီဟိုဠ်စေ့တွေက မိုးမရွာခင်ထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ပါတယ်။ မိုးရွာလို့ မိုးဦးကျရင်တော့ သီဟိုဠ်စေ့လုပ်ငန်းက ရပ်သွားပါပြီ"ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များသည် ပြီးခဲ့သည့် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ သီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်များတွင် သီဟိုဠ်စေ့စုစုပေါင်းဧက ၆၅၀၀၀ ထိ အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း၊ ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပုသိမ်မြို့မှ ပွဲရုံများက ရန်ကုန်သို့ တင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်လဲ့လဲ့က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဇွန် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။



နမ့်ဟွေလုံကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၆ ဒသမ ၉၂ သန်းဖြင့် ZNH ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ခင်မာ**

# စဥ့်ကူးမြို့နယ် ကံပျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကူး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီးသပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကံပျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကံပျိုကျေးရွာ၌ စီမံကိန်းစာရင်းဇယားဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကံပျိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၉၉ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်ဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော် ၉၄ ပါးတို့အား ပင့်ဖိတ်၍ အမျှအတမ်းပေးဝေမည့်အခမ်းအနားနှင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၄**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော် ၉၄ ပါးတို့ကို ပင့်ဖိတ်၍ အမျှအတမ်းပေးဝေမည့်အခမ်းအနားနှင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ဗန်းမော်ကျောင်းတိုက်ရှိ အေးကမ္ဘာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်၊သံဃာတော် ၉၄ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို လာရောက်ဖူးမြော်ကြည်ညိုကြသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်ကြီးများဦးဆောင်ပြီး တိုင်းမှူးနှင့်တက်ရောက်လာသူများက အနိစ္စာဝတသင်္ခါရာစသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြသည်။၎င်းနောက်တိုင်းမှူးနှင့်အလှူရှင်များက ကြွရောက်လာသော ဆရာတော်၊သံဃာတော်များအား အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီးထံမှ သံဝေဂကထာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်၊သံဃာတော်များနှင့်တက်ရောက်လာသူများက သဗ္ဗေသင်္ခါရာ အနိစ္စာ သုံးဂါထာကို ရွတ်ဆိုပွားများကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီးနောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားဆောင်ရွက်နေမှုအခြေအနေဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပင့်ဆောင်မည့်လမ်းကြောင်းတစ်လျှောက်ပြင်ဆင်ထားရှိ မှုအခြေအနေဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လောင်တိုက်ပြသာဒ်တည်ဆောက်နေမှုအခြေအနေနှင့် သရီရဓာတုပဝါဟနပူဇာအရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင်ကျင်းပမည့်နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဖူးမြော်ပြီး နိကာယ်စာမေးပွဲစာဖြေသံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဇွန် ၄**

၂၀၂၁ ခုနှစ် အကြိမ် (၃၀)မြောက် နိကာယ်စာမေးပွဲများကို ဇွန် ၁ ရက်မှစတင်၍ သက်ဆိုင်ရာစာဖြေဌာနများတွင် ကျင်းပလျက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် စာဖြေဌာန၌ နိကာယ်စာမေးပွဲဖြေဆိုနေကြသည့် စာဖြေသံဃာတော်များကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မမ မိသားစုတို့က နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ (ဇေယျာလူမှုထူးချွန်ပထမဆင့်) ဘဒ္ဒန္တအာဝုဓဆရာတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော်ကြည်ညိုကာ အလှူငွေများလှူဒါန်းပြီး မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်အမှူးပြု၍ ဆရာတော်များနှင့်စာဖြေသံဃာတော်များကို နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသတင်းရရှိသည်။

**မျိုးကျော်**



# ဇွန် ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၁၇၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၁၆၁ ဦး |

**နေပြည်တော် ဇွန် ၄**

ဇွန် ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၁၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၅၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ဖွင့်ပွဲအခမ်းအနားတွင် H. E Hun Many(Member of the Cambodian National Assembly)နှင့်ကမ္ဘောဒီးယားနိုင်ငံ အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းပြောကြားကာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် HUN SEN က (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမားများက မီးရှူးတိုင်ကိုလက်ဆင့်ကမ်းသယ်ဆောင်၍ မီးထွန်းညှိခဲ့ပြီး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဖွင့်လှစ်သည်။

အဆိုပါ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက အားကစားနည်း ၁၄ နည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့က အားကစားနည်း ရှစ်နည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို ဇွန် ၇ ရက်တွင် ထုတ်ပြန်သွားမည်

**နေပြည်တော် ဇွန် ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို နယုန်လပြည့်ကျော် ၅ ရက် ဇွန် ၇ ရက် ဗုဒ္ဓဟူးနေ့နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေချီးမြှင့်ပွဲ အခမ်းအနား ဇွန် ၉ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဇွန် ၄**

(၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းကို မေ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဆုရရှိသူများအား ဆုချီးမြှင့်မည့်အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀နာရီတွင် နေပြည်တော် National Guest House Zone ရှိ Horizon Lake View Resort ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၅-၆-၂၀၂၃ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဗေဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၀း၄၆ | Master Chef |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၁၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မူဆယ်မြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မူဆယ် ဇွန် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီက လွယ်တိန်ခမ်းဘုရားတောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များပေးအပ်သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကိုစိုက်ပျိုးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ မူဆယ်ခရိုင်၊ မြို့နယ်ရှိဌာနဆိုင်ရာများ၊ ရှမ်း၊ ကချင်၊ ပလောင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းဦးရေ ၂၉၀တက်ရောက်ကြပြီး ချယ်ရီ၊ ထင်းရှူး၊ ရေထင်းရှူး၊ သစ်လှ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ကံ့ကော်၊ ခရေ၊ ရေသင်းဝင်၊ တပေါင်းပန်း၊ မဟော်ဂနီ၊ ခါတော်မီ၊တပေဘူတ ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း မူဆယ်မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**



# ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များ၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ်အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စိန်ပန်းဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ ကျိုင်းတုံမြို့ သာသနာဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၂၀ နှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ဩဝါဒစကားနာယူကြပြီး စိန်ပန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသက စိန်ပန်းဓမ္မစကူးလ်လုပ်ငန်းစဉ်များကို ရှင်းလင်းမိန့်ကြားသည်။ ယင်းနောက် ဓမ္မစကူးလ် ပညာသင်နှစ်စတင်ကြောင်း အထိမ်းအမှတ်အဖြစ် “မင်္ဂလာခေါင်းလောင်း” ဓမ္မတေးကဗျာကို ဖွင့်လှစ်သီဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်များက စိန်ပန်းဓမ္မစကူးလ်ကျောင်းအတွက် အလှူငွေများကိုပေးအပ်ရာ စိန်ပန်းကျောင်းတိုက်ဆရာတော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကို ၂၀၂၃ ခုနှစ် မေ ၇ ရက် တနင်္ဂနွေနေ့မှစတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပေးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် ပညာသင်နှစ် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်မှ ကျင်းပပြုလုပ်ခဲ့သည့် (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ၊ ဂုဏ်ပြုဆုများနှင့် အောင်လက်မှတ်များကိုပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီး လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၄**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ စံပြရပ်ကွက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဂူဝကျောင်းတိုက်၌ ကျောင်းဆောင်ပြိုကျနေသဖြင့် ပြန်လည်တည်ဆောက်နိုင်ရေးလိုအပ်သော ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် အမှိုက်များ ရှင်းလင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မုန်တိုင်းသင့်ကျေးရွာများမှ ဒေသခံပြည်သူများကို စားသောက်ရေး အဆင်ပြေစေရန် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း(ကျောက်တော်)ရှိ ကျောင်းသား၊ ကျောင်းသူများကို သောက်သုံးရေ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံ ကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှုစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် ညောင်ကုန်း (၅)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီး





CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် ညောင်ကုန်း(၅)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးစေလျက်ရှိသည်။

သို့ရာတွင် CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၃ ရက် ည ၁၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါကျောင်းဝင်းအတွင်းရှိ အလျား ပေ ၂၁၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေခန့်ရှိ အခန်း ရှစ်ခန်းပါ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင်တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အဆိုပါကျောင်းသည် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ဆရာ၊ ဆရာမ ဦးရေ ၄၀၊ ကျောင်းသား၊ ကျောင်းသူ ၁၀၅၈ ဦးဖြင့် ဖွင့်လှစ်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မီးရှို့ဖျက်ဆီးခဲ့သူများကို အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဝမ်ကျောက်လုံကျေးရွာဘက်မှ ဆေခမ်းရပ်ကွက်ဘက်သို့ စိုင်းရဲန်ကျော်မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၃ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါး (Happy Water)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အိုက်ရီကို TOYOTA CROWN မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ည ၉ နာရီတွင် အိုက်ရီနေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နေအိမ်မှ ဆေးခြောက် ဂရမ် ၇၀၀ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို၊ ဆေးခြောက် ဂရမ် ၇၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာနေ အာကာမင်းဦး(ခ)KG သည် ၎င်းအသုံးပြုသည့် "Akar Minn Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) ရပ်ကွက်နေ အောင်နိုင်စန်းသည် ၎င်းအသုံးပြုသည့် "Aung Naing San" Facebook အကောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၀၆)ရပ်ကွက်နေ မြင့်မောင်(ခ)ကိုနီသည် ၎င်းအသုံးပြုသည့် "Ko Ni" Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက်နေ မျိုးမင်းညီ(ခ)သူရသည် ၎င်းအသုံးပြုသည့် "Thura" Facebook အကောင့်နှင့် သာကေတမြို့နယ် ၄/တောင်ရပ်ကွက်နေ ချစ်ဦးဝေသည် ၎င်းအသုံးပြုသည့် "Chit Oo Wai" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# မစ်ရှီဂန်ပြည်နယ်မြောက်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီး နေအိမ်များကိုကူးစက်နိုင်ဖွယ်ရှိ



**နယူးယောက် ဇွန် ၄**

အမေရိကန်နိုင်ငံ မစ်ရှီဂန်ပြည်နယ်မြောက်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီးသည် ဧက ၁၀၀၀ ကျော် လောင်ကျွမ်းခဲ့ပြီးနောက် နေအိမ်များကို ကူးစက်နိုင်ဖွယ်ရှိရာ မီရှီဂန် မီးသတ်တပ်ဖွဲ့အနေဖြင့် သဘာဝအရင်းအမြစ်ဌာနနှင့်ပါ ပူးပေါင်း၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့ကထုတ်ပြန်သောသတင်းများကို ကိုးကား၍ Mlive.com သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

မစ်ရှီဂန်ပြည်နယ် မြောက်ပိုင်း ကရော့ဖို့ကောင်တီ ဂရေးလင်းမြို့၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာတွင် ဇွန် ၃ ရက် မွန်းလွဲပိုင်းမှ စတင်လောင်ကျွမ်းလျက်ရှိသောတောမီးသည် ညနေပိုင်း၌ ဧက ၁၀၀၀ ခန့်ထိ လောင်ကျွမ်းလျက်ရှိပြီး ငြိမ်းသတ်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီရှီဂန်သဘာဝအရင်းအမြစ်ဌာနနှင့်ပါ ပူးပေါင်းဆောင်ရွက်နေရကြောင်း မီးသတ်တပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

တောမီးသည် အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ ဆက်လက် ရွေ့လျားလျက်ရှိရာ လူနေရပ်ကွက်များ ရှိရာဘက်သို့ ရောက်ရှိလာသဖြင့် နေအိမ်များကို ကူးစက်နိုင်ဖွယ်ရှိပြီး ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နိုင်ရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တောမီးကြောင့် အချို့နေရာများတွင် မီးခိုးများဖုံးလွှမ်းလျက်ရှိရာ မြင်ကွင်းကန့်သတ်ချက်များကြောင့် ယာဉ်များကို သတိထားမောင်းနှင်ကြရန်၊ ပန်းနာရင်ကျပ်ရှိသူများနှင့် နာတာရှည်ရောဂါသည်များ ပြင်ပသို့ သွားလာခြင်းမပြုကြရန်၊ ဖြစ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ကြရန် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်စိုက်ပျိုးရေးသစ်တောဌာနနှင့် မစ်ရှီဂန်ပြည်နယ်ရဲတပ်ဖွဲ့တို့က လေယာဉ်များဖြင့် မီးငြိမ်းသတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AZH

# အစ္စရေးတွင် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သဖြင့် ဂျူဒီန်းသဲကန္တာရရှိ ခရီးသွားများကို ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် သတိပေး

**ဂျေရုဆလင် ဇွန် ၄**

အစ္စရေးနိုင်ငံတွင် ရုတ်တရက် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်ကြောင်း ဇွန် ၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက် ဂျူဒီန်းသဲကန္တာရရှိ ခရီးသွားများကို ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းကြရန် အစ္စရေးသဘာဝနှင့် ပန်းခြံများဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက သတိပေးခဲ့သည်ဟု The Times of Israel သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

အစ္စရေးနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်ကြောင်း ဇွန် ၃ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက် ဂျူဒီန်းသဲကန္တာရအတွင်း ခရီးဝေးသွားလာသူများနှင့် တောင်တက်သမားများကို အဆိုပါဒေသမှ ဘေးလွတ်ရာသို့ အမြန်ဆုံးထွက်ခွာကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးဝေးသွားလာခြင်းလုပ်ငန်းအများအပြားကိုလည်း ပိတ်ထားခဲ့ကြောင်း သိရသည်။

အဆိုပါသဲကန္တာရဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပါက ခြောက်သွေ့သော လမ်းများပေါ်၌ ရေထုသည် လျှပ်တစ်ပြက် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး အန္တရာယ်ရှိသောအခြေအနေသို့ ပြောင်းလဲသွားလေ့ရှိကြောင်း၊ ဧပြီလအတွင်းကလည်း ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦး သေဆုံးခဲ့သေးကြောင်း သိရသည်။

အစ္စရေးမိုးလေဝသဌာနသည် နိုင်ငံအတွင်း ပြင်းထန်သောအပူလှိုင်းများဖြတ်သန်းပြီး မုန်တိုင်းများ ဖြစ်ပေါ်ဖွယ်ရှိကြောင်းနှင့် အဆိုပါအခြေအနေများကြောင့် ဂျူဒီန်းသဲကန္တာရဒေသတွင် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်တစ်ရပ် ထုတ်ပြန်ပြီးနောက် ကမ္ဘာလှည့်ခရီးသွားများ၏ ခရီးဝေးလမ်းလျှောက်သည့်လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်မှစ၍ အီဂျစ်နိုင်ငံဘက်မှလေပူများ ဝင်ရောက်တိုက်ခတ်ခဲ့ရာ နိုင်ငံအတွင်း အပူချိန်မြင့်တက်ခဲ့ပြီး အချို့နေရာများတွင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်ထိရှိကာ ဒါဇင်နှင့်ချီသောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

AZH

# မလေးရှားနိုင်ငံ ရှာအလမ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ

**ကွာလာလမ်ပူ ဇွန် ၄**

မလေးရှားနိုင်ငံ ရှာအလမ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေကာ အခြေခံအဆောက်အအုံတချို့ ရေလွှမ်းနေကြောင်း မလေးရှားအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုသွားခဲ့သည်ဟု The Sun သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားနေသည့်ဧရိယာများအနက် ဂျလန်မီရူလမ်းသည် အဆိုးရွားဆုံးရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း၊ ဂျလန်မီရူလမ်းသို့ ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်တစ်စီး ရေမြုပ်သွားခဲ့ပြီး မော်တော်ယာဉ်မောင်းနှင်လာသည့် အမျိုးသမီးကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း ရှာအလမ်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ဂျလန်မီရူလမ်းကို အသုံးမပြုကြဖို့ တားမြစ်ထားပေမဲ့လဲ အမျိုးသမီးတစ်ယောက်ဟာ မော်တော်ယာဉ်နဲ့ ရေလွှမ်းနေတဲ့ ဂျလန်မီရူလမ်းကို ဖြတ်သန်းမောင်းနှင်ခဲ့ပါတယ်။ မော်တော်ယာဉ်ရေမြုပ်သွားခဲ့ပြီးတော့ မော်တော်ယာဉ်မောင်းနှင်လာတဲ့ အမျိုးသမီးဟာလဲ မော်တော်ယာဉ်အတွင်းကနေ ထွက်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ ကယ်ဆယ်ရေးဝန်ထမ်းတွေရဲ့အကူအညီနဲ့မှ ထွက်နိုင်ခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိတာလဲ မရှိခဲ့ပါဘူး"ဟု ရှာအလမ်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမာဒူလ်က ပြောကြားခဲ့သည်။

ရှာအလမ်မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်း၏ အတည်ပြုချက်အရ အသက်ဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရသူမှာ အသက် ၅၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး တားမြစ်ထားသည့် လမ်းမကြီးထက်တွင် မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်ခဲ့သည့်အတွက် ယာဉ်မတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တားမြစ်ထားသည့်လမ်းမကြီးကို အသုံးပြုခဲ့သည့် အဆိုပါအမျိုးသမီးကိုလည်း ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှာအလမ်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**



# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နယူးဇီလန်အစိုးရ၏ ငွေကြေးပံ့ပိုးမှု နည်းပါးသည့်အတွက် စိတ်ပျက်မိကြောင်း ကန်တာဘူရီကောင်စီလာများ ထုတ်ပြန်

**ဝယ်လင်တန် ဇွန် ၄**

နယူးဇီလန်နိုင်ငံ ကန်တာဘူရီကောင်တီတွင် နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်ကြောင့် မလိုလားအပ်သောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရသဖြင့် ကန်တာဘူရီကောင်စီလာများက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံကိန်းများ ဆောင်ရွက်လာပြီး အစိုးရထံ ရန်ပုံငွေတောင်းခံမှုပြုလုပ်ခဲ့သော်လည်း ငွေကြေးပံ့ပိုးမှု နည်းပါးသည့်အတွက် နယူးဇီလန်အစိုးရ၏ပံ့ပိုးမှုအပေါ် ကန်တာဘူရီကောင်စီလာများက စိတ်ပျက်မိကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု Stuff သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ပံ့ပိုးမှုနည်းသဖြင့် ကန်တာဘူရီကောင်စီလာများ ဆောင်ရွက်လိုသည့် စီမံကိန်းကိုအောင်မြင်စွာအကောင်အထည်ဖော်ရန် အခက်အခဲရှိနေကြောင်း၊ ထို့ကြောင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံကိန်းအတွက် ငွေကြေးပံ့ပိုးမှု တိုးမြှင့်ပေးသွားရန် ကန်တာဘူရီကောင်တီအာဏာပိုင်အဖွဲ့အစည်းက တောင်းဆိုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"ကန်တာဘူရီကောင်တီဟာ ရေဘေးအန္တရာယ်နဲ့ နှစ်စဉ်ရင်ဆိုင်နေရတဲ့ ကောင်တီဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်တုန်းကလဲ နယူးဇီလန်နိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအမြောက်အမြားလဲ ဖြစ်ပေါ်ခဲ့တယ်။ ဒါကြောင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေကို ဆောင်ရွက်သွားဖို့ ရန်ပုံငွေ တောင်းခံခဲ့တာဖြစ်ပါတယ်"ဟု ကန်တာဘူရီကောင်စီလာတစ်ဦးဖြစ်သူ အီယန်မက်ကင်ဇီက ပြောကြားခဲ့သည်။

ကန်တာဘူရီကောင်တီသည် ၂၀၂၁ ခုနှစ်တွင် နယူးဇီလန်နိုင်ငံသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ရေကြီးရေလျှံမှုဖြင့်ရင်ဆိုင်ခဲ့ရပြီးနောက် ကန်တာဘူရီကောင်စီလာများက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံကိန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် ပြင်ဆင်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပွား

**နယူးဒေလီ ဇွန် ၄**

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဇွန် ၃ ရက်က အပူလှိုင်းဖြတ်သန်းပြီး အပူချိန်စံချိန်မြင့်တက်မှု ဖြစ်ပွားနေကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း (ASPDMA) က ထုတ်ပြန်သွားခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်သည် ၄၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အင်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေပေါင်း ၁၀၀ ကျော်ထိရှိနေကြောင်း ASPDMA အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

"အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုနဲ့ ရင်ဆိုင်နေရတဲ့ နယ်မြေပေါင်း ၁၄၃ နယ်မြေထိ အပူချိန်မြင့်တက်နေတယ်။ အပူချိန်အဆိုးရွားဆုံးမြင့်တက်နေတဲ့ နယ်မြေ ၁၄ ခုထိရှိနေပါတယ်။ အမြင့်ဆုံးအပူချိန်ဖြစ်ပေါ်နေတဲ့ နယ်မြေပေါင်း ၁၄ ခုထဲမှာ နယ်မြေငါးခုကတော့ စံချိန်တင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပါတယ်"ဟု အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း(ASPDMA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုဖြစ်ပွားနေသည့်နယ်မြေများတွင် ခရစ်ရှ်နာခရိုင်၌ အပူချိန်အမြင့်ဆုံးဖြစ်ပြီး ၄၅ ဒသမ ၅၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ အပူချိန်အမြင့်ဆုံးအခြေအနေသို့ရောက်ရှိနေသောနယ်မြေများမှာ ကာကီနာဒါနယ်မြေတွင် ၄၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်၊ ဗီဂျာယာဝါဒါနယ်မြေတွင် ၄၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်၊ ရာဂျာမာဟန်ဒရာဗာရမ်နယ်မြေတွင် ၄၄ ဒသမ ၅၇ ဒီဂရီစင်တီဂရိတ်၊ တီရူပါတီနယ်မြေတွင် ၄၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ်၊ ဗီဆာကာပန်သမ်နယ်မြေတွင် ၄၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်း (ASPD-MA) က ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

0w hkv d @

# ပျိုးပင်

မွေးတူးလေး




(၁)

"မဝေရေ သတင်းထူးပါတယ်"

"ဟုတ်လား မယုရေ။ ဘာအတင်းထူးတုံး ပြောပါအုံး"

"အယ် မှားလို့ ဘာသတင်းထူးတုံး"

မယုကသတင်းမပြောခင် သောက်ရေအိုးစင်က ရေကို အရင်ခပ်သောက်ပြီး အမောဖြေနေရှာသည်။ အမောလည်းဖြေသင့်ပါ၏။ ဘာကြောင့်ဆို မယုက ကျွန်မတို့တစ်ရပ်ကွက်လုံးအတွက် သတင်း၊ အတင်း ဖြန့်ဝေရန်တာဝန်ကို မည်သူကမျှ ပေးအပ်စရာမလိုဘဲ အလိုက်သိစွာ ဝင်ရောက်ကာ ထမ်းရွက်နေရှာသူ မဟုတ်လား။ ယခုလည်း ဘယ်နှအိမ်ထိ သတင်းဖြန့်ခဲ့ပြီးပြီလဲမသိ။ သည်လောက်မောနေပုံထောက်တော့ ၁၀ အိမ်တော့ ကျော်ရော့မည်။

"မိချိုမပေါ့ သူ့ရည်းစားစိုးထွန်းနဲ့ ဒီလထဲယူတော့မလို့တဲ့ မဝေရဲ့"

"ဟယ် . . . ဟုတ်လား။ ကောင်မလေးနှယ် စိုးထွန်းရဲ့အဖေ သေသွားတဲ့ဦးလှထွန်းကစလို့ စိုးထွန်းရဲ့ ညီတွေထိ ခိုးမှုနဲ့ ထောင်ခဏခဏကျနေတာ မသိရော့လေသလား"

"အဲဒါပြောတာပေါ့ မဝေရဲ့။ မျိုးရိုးမကောင်းပါဘူးဆို မိချိုကဇွတ်ပဲ။ သူ့ရုပ်ရည်လေးနဲ့ဆို ရွှေတတ်ရင်လင်ကောင်းသားကောင်းရနိုင်ရဲ့သားနဲ့ စိုးထွန်းကို ယူမယ်ဆိုတာချည်းပဲ။ ဒီကောင်မလေးအတွက်တော့ ရင်လေးသေးတယ် မဝေရေ။ ရင်လေးသေးတယ်"

မယုက မိချိုအတွက် ကြားထဲက ရင်လေးနေရသကဲ့သို့ ကျွန်မသည်လည်း မိချိုအစား ရင်မောနေမိသည်မှာအမှန်။ မိချိုက ကျွန်မတို့ရပ်ကွက်တွင်တော့ အလှထိပ်ခေါင်တင်ဘွဲ့ရသူပင်။ ကျွန်မတို့ရပ်ကွက်ကဆိုသော်လည်း ရပ်ကွက်မှာမွေးသည့် ငယ်မွေးခြံပေါက်တော့မဟုတ်။ နယ်ကနေရောက်လာသည်မှာ ငါးနှစ်ခန့်သာရှိသေးသည်။ သို့ပေသည့် ရပ်ကွက်၏သာရေး၊ နာရေး အစရှိသော လူမှုရေးရာမှန်သမျှမှာ မိချိုက လက်မနှေးစွာပါဝင်တတ်မှုကြောင့် ရပ်ကွက်တွင်ရှိသမျှ လူများထံခင်မင်ရင်းနှီးမှုကို အချိန်တိုအတွင်းဆောင်ကြဉ်းသွားနိုင်လေသည်။ နယ်မှရန်ကုန်ကို ပြောင်းလာရသည့် မိချို၏ရည်ရွယ်ချက်က ရိုးရိုးစက်ချုပ်အလုပ်မှ တစ်ဆင့်တက်ပြီး ဒီဇိုင်နာတစ်ယောက်ဖြစ်ရန်အတွက် ဒီဇိုင်နာသင်တန်းတက်ရန်ဟု သိရသည်။ သို့သော်လည်း မိချို၏မိခင်က ပြေးကြည့်မှ သားအမိနှစ်ယောက်သာရှိသည်မို့ သူ့သမီးအချောအလှကို "မြို့ထဲလွှတ်ရမှာ စိတ်မချပါ"ဆိုပြီး အိမ်တွင်သာ စက်ထိုင်ချုပ်စေတော့သည်။ စက်ချုပ်ရာတွင် ချုပ်ပုံလှခြင်း၊ စိတ်ရှည်ခြင်း၊ ရက်ချိန်းမှန်ခြင်းတို့ကြောင့် မိချိုထံတွင် ချုပ်ထည်အပ်နှံသူပေါပါ၏။ ထိုတင်မက မိချို၏ခပ်ချောချောရုပ်ရည်လေးကိုအကြောင်းပြု၍ ယောကျ်ားလေးများကပါ မိချိုထံတွင် ပုဆိုး၊ အင်္ကျီချုပ်ပေးရန် အပ်နှံလာကြသည်။ ထိုသို့သော လူများထဲတွင် စိုးထွန်းက ထိပ်ဆုံးကပါသည်ပင်။ မိချိုဆီတွင် ရှပ်အင်္ကျီအပ်ရန်ဆိုပြီး ကျွန်မဆိုင်က ပိတ်စများကို စိုးထွန်းက မကြာခဏ လာဝယ်လွန်း၍ ကျွန်မမှာ မျက်စိပင် နောက်ရသေးသည်။ မိချိုဆိုသော ပန်းကလေး၏အနားမှာ ဝဲပျံကာနေသည့် လိပ်ပြာများထဲတွင် စိုးထွန်းက အဆင်းရုပကာ အလွန်သာသူဟုဆိုရမည်။ အသားက ဖြူဖြူ၊ အရပ်အမြင့်က အသင့်အတင့်၊ မျက်လုံးမျက်ခုံးက ကောင်းကောင်းဆိုတော့ စိုးထွန်းကို မိချိုက သဘောကျသွားဟန်တူ၏။ အမှန်စင်စစ် အဆင်းထက် အချင်းကအရေးကြီးသည်ကို မိချိုမေ့နေသည်လား။ သို့တည်းမဟုတ် သိနေလျက်နှင့် တမင်သက်သက် လျစ်လျူရှု ထားသည်လားဆိုသည်ကိုတော့ မိချိုသာ အသိဆုံးဖြစ်ပါလိမ့်မည်။

(၂)

မိချိုနှင့် စိုးထွန်းတို့၏မင်္ဂလာပွဲကို ရပ်ကွက်မှာရုံတွင်ပင် အကျဉ်းရုံးကာ လုပ်လိုက်ကြသည်။ တစ်ရပ်ကွက်လုံးကတော့ မိချိုကို လူရွေးညံ့သည်ဟု ဝေဖန်ကြ၏။ အထူးသဖြင့် မိချိုကိုပိုးပန်းခဲ့ဖူးသူ လူပျိုများက အဆိုးဆုံးပင်။ အချို့ကလည်း စိုးထွန်းကို အနူလက်နှင့် ရွှေခွက်နှိုက်သည်ဟု ဆိုကြသေးသည်။ စိုးထွန်းကတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူးဆိုသည့်သဘောဖြင့် ခပ်မိုက်မိုက်ချစ်ကြစို့သီချင်းကိုပင် သူတို့မင်္ဂလာဆောင်မှာ အထပ်ထပ်အခါခါ ဖွင့်ခိုင်းလိုက်သေးသည်။ နောက်ဆုံးတွင် တစ်ယောက်တစ်ပေါက် ပြောကြဆိုကြ နှုတ်ဆက်ကြနှင့် စိုးထွန်းနှင့်မိချိုတို့ မင်္ဂလာပွဲသည် အောင်မြင်စွာအထမြောက်သွားလေ၏။

(၃)

"မဆိုးပါဘူးအေ စိုးထွန်းက အခုလိုကျတော့လဲ တော်တယ်လို့ပြောရမယ်မဝေရဲ့။ သူ့အဖေနဲ့ သူ့ညီတို့လို ခြေဆော့လက်ဆော့လဲ မရှိရှာတဲ့အပြင် အသောက်အစားလဲမရှိ။ အလုပ်ကိုလဲ ကြိုးစားတာမှ လွန်ပါရောလား"

မယုစကားကိုခေါင်းညိတ်ကာ ထောက်ခံလိုက်ရသော်လည်း စိတ်ထဲမှာတော့ "ပတ်ဝန်းကျင်ဆိုတာကလဲ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့အတိုင်းပါလား" ဟု တွေးနေမိသည်။ အမှန်တော့ ထိုပတ်ဝန်းကျင်ထဲတွင် ကျွန်မကိုယ်တိုင်လည်းပါသည်ပင်။ စိုးထွန်းနှင့် မိချိုယူမည်ဆိုတော့ ကျွန်မကပါ မိချိုကို နှမြောခဲ့မိသည် မဟုတ်လား။ ယခုကဲ့သို့ တစ်နှစ်ဆိုသည့်ကာလအတွင်း စိုးထွန်းက အလုပ်ကိုကြိုးစားပြီး ရွှေ၊ ငွေမှအစ မိချိုလိုချင်သည့်အရာမှန်သမျှကို ဖြည့်ဆည်းပြသည့်အခါ စိုးထွန်းကို ကျွန်မအပါအဝင် တစ်ရပ်ကွက်လုံးပင် အံ့သြကြရတော့သည်။ ထိုတင်မက သမီးရှင်တချို့ကလည်း စိုးထွန်းနှင့် သူတို့၏သမီးကိုမပေးစားခဲ့ရလေခြင်းဆိုပြီး ကြီးစွာနောင်တရနေကြသည်မှာ မပြောပါနှင့်။ စိုးထွန်းကလည်း တစ်မိပေါက်တစ်ယောက်ထွန်းဆိုသကဲ့သို့ သူတို့မိသားစုထဲတွင် အထွန်းကားဆုံးသူပင်။ ဖခင်နှင့်ညီများ၏ဉာဉ်ဆိုးကြောင့် စွန်းထင်းခဲ့ရသည့် မျိုးရိုးဂုဏ်သိက္ခာကို သူတစ်ယောက်တည်းအားနှင့် အဖတ်ဆယ်ချင်၍ လားမပြောတတ်။ သူများပစ္စည်း ဥစ္စာဆိုလျှင် ခိုးဖို့ဝှက်ဖို့မဆိုထားနှင့် ပိုင်ရှင်ကပေးလျှင်တောင်မှ စိုးထွန်းက အင်တင်တင်လုပ်ချင်သည်။ သို့ပေသည့် အချို့ကတော့ "ကြောင်ကြာကြာ ရေမငုပ်ဘူး"၊ "ချောင်းရိုး၊ မြောင်းရိုးသာ တိမ်ကောချင် တိမ်ကောမယ်။ မျိုးရိုးကတော့ မတိမ်ကောဘူး" ဆိုပြီး စိုးထွန်းကိုစောင့်ကြည့်နေကြဆဲ။ မလိုသူတချို့ကဆိုလျှင်လည်း "ဇီဇဆိုတာ ဘဆီကလာတာ"ဟုဆိုကာ စိုးထွန်း၏ရှေ့မှာ အဖိုးတန်ပစ္စည်းတချို့ကို ကျကျန်ခဲ့ဟန်ဖြင့် တမင်တကာ ချထားကြည့်ကြသည်အထိ။ သို့သော် ယနေ့အချိန်ထိ စိုးထွန်း၏နာမည်မှာ မည်စွန်းဘဲ ဖြူစင်ဆဲ။ ဘယ်သူဘယ်ပုံချောက်ချချ စိုးထွန်းကအကျမခံ။ သူ့ကိုယ်သူ အဖြူထည်အဖြစ် အနက်ရောင်များကြားတွင် အားရအောင် တောက်ပြောင်နေသည်မှာ ယနေ့ထိတိုင်အောင်ပင်။

(၄)

"ကလေးမယူသေးဘူးလား စိုးထွန်းရဲ့"

"ယူမှာမဝေရေ အခုလောလောဆယ် အစ်မရဲ့ ညီမ မိချိုက ဒီဇိုင်နာသင်တန်းတက်ချင်သေးတယ်ဆိုလို့ အချိန်ခဏစောင့်နေတာ။ ဒါနဲ့ အစ်မ ဒီအရောင်လေးဆို မိချိုနဲ့လှမလားမသိဘူး။ ကြည့်ပေးပါအုံးအစ်မရာ။ မိချိုမွေးနေ့အတွက် အမှတ်တရဝယ်ပေးချင်လို့ပါ"

"လှပါတယ်ဟဲ့။ မိချိုက အသားဖြူတော့ ဘာလေး ဝတ်ဝတ် လှပြီးသား"

"ဟုတ်အစ်မ။ အဲဒါဆို ကျွန်တော်ဒီအစယူလိုက်တော့မယ်နော်"

မိချိုလှကြောင်းပြောလိုက်သည်နှင့်ပင် စိုးထွန်းက သဘောကျကာ အကျီစကို "ယူမယ်"ဟု တန်းပြောတော့သည်။

"တယ်လဲ မိန်းမကိုချစ်တဲ့ယောကျ်ား"ဟု တွေးမိကာ ကျွန်မအိမ်ကလူကြီးကိုတောင် ဒေါသထွက်မိ၏။ ကျွန်မအိမ်ကလူကတော့ ကျွန်မအတွက်ဆို မွေးနေ့မှာ လက်ဆောင်ပေးရန်မဆိုထားနှင့်။ မွေးနေ့ကိုပင် မှတ်မိဟန်မတူ။

"မဝေရေ သွားပြီနော်"

"အေးအေးစိုးထွန်းရေ"

စိုးထွန်းပြန်သွားပြီးနောက် ကျွန်မလည်း စိတ်ပေါက်ပေါက်နှင့်

"မိချိုတို့များ လူရွေးတော်ချက်။ စိုးထွန်းကလဲ ချစ်တတ်လိုက်တာမှ တချို့တွေနဲ့များ ကွာပ"ဟု အိမ်ကပုဂ္ဂိုလ်ကြီး ကြားအောင်တမင်တကာ အော်ပြောပစ်လိုက်သည်။ အော်သာအော်ပြောလိုက်ရသော်လည်း အားမရှိသည်မှာတော့အမှန်။ အရိပ်ပြလည်း အကောင်မမြင်။ သူ့စောင်းပြောလည်း ပြောမှန်းသိသည့် လူစားမျိုးမဟုတ်။ သမီးနှစ်ယောက်မျက်နှာထောက်နေရ၍သာ သင်းကို အခုလို သည်းခံနေရခြင်းပင်။ မည်သို့ဆိုစေ ကျွန်မကတော့ သည်ဘဝမှာ သည်လူကြီးနှင့်သာ နှစ်ပါးသွားရုံပင်။ သမီးနှစ်ယောက်အလှည့်ကျလျှင်တော့ ကျွန်မလိုမဖြစ်ရအောင် အရွယ်ရောက်ကတည်းက "အိမ်ကနင်တို့အဖေလို လူကိုရှောင် စိုးထွန်းလို ချစ်တတ်တဲ့လူကိုဆောင်"ဟု မှာထားရချေမည်။

(၅)

"ဘမျိုးဘိုးတူဆိုတာမှန်တယ်နော်"

"ဟုတ်ပအေ မထင်ရဘူးနော်"

"အဲဒါကြောင့်ငါမပြောဘူးလား။ လူမှာအမျိုး၊ ကြက်မှာအရိုးပါဆို" ကျွန်မဆိုင်နားကနေဖြတ်သွားကြသည့်မိန်းမတစ်သိုက်ထံမှ ကြားလိုက်ရသော အတင်းများ။ နားစွန်နားဖျားသာ ကြားလိုက်ရသည်မို့ မည်သူမည်ဝါ၏အကြောင်းကို ပြောသည်ဟု ဂဃနဏမသိရ။ "လူမှာအမျိုး ကြက်မှာအရိုး"ဆိုသည့်စကားအရဆိုလျှင် စိုးထွန်းတို့ညီအစ်ကိုတွေနှင့်များ သက်ဆိုင်လေမလား။ စိုးထွန်းတို့အမျိုးကလည်း စိုးထွန်းကလွဲလျှင် သည်ပုတ်ထဲကပဲ သည်ပဲချည်းပဲမို့ မိချိုခမျာ အတော်ဒုက္ခရောက်ရရှာသား။ စိုးထွန်းမျက်နှာရှိနေသဖြင့် ခပ်ဆိုးဆိုးမတ်များနှင့် မပတ်သက်ချင်လည်း ရမည်မထင်။ ဟိုတလောဆီကပင် ရွှေခိုးမှုနှင့်စိုးထွန်း၏ညီ အလတ်ကောင်ထောင်ကျသောကြောင့် မိချိုခမျာ အကြော်အလှော်များလုပ်ကာ ထောင်ဝင်စာပို့ပေးရသေးသည်။ မိချို၏မွေးနေ့ပြီးနောက်ရက်တွင် မိချို၏မတ်ကို ရဲများကလာဖမ်းသွားခြင်းပင်။ ယခုလည်း ကျန်သည့်တစ်ယောက်က ဘာသွားခိုးပြန်သည်လဲမသိ။ အမှန်တော့ စိုးထွန်း၏ညီများက မခိုးလည်း စားနိုင်သောက်နိုင်သည့်အနေအထားတွင် ရှိကြသူများဟု ဆိုနိုင်သည်။ ဘာကြောင့်ဆို စိုးထွန်းကလည်း မိန်းမအိမ်ကိုလိုက်လာသော်ငြား ညီများကိုတော့ ပစ်ထားသူမဟုတ်။ မိချိုကလည်း အပေးအကမ်းမှာ တွန့်တိုခြင်း အလျှင်းမရှိသူပင်။ အစ်ကိုနှင့်မရီးက သည်မျှထောက်ပံ့နေသည့်ကြားက ခိုးနေကြပုံထောက်တော့ ခိုးရသည်ကိုပင် အထုံဝါသနာပါနေကြသည်လားမသိ။

(၆)

မိန်းမဆိုသည့်အမျိုးကလည်း တစ်ခုခုဆို စပ်စုလိုက်ရမှ ကျေနပ်ကြသည်ထင့်။ ဘာကြောင့်ဆို ကျွန်မကိုယ်တိုင်က မနေ့ ညနေခင်းမှာ နားစွန်နားဖျားကြားလိုက်ရသည့်ကိစ္စကို သိချင်လွန်း၍ တစ်ညလုံးအိပ်မရဖြစ်ခဲ့ရသောကြောင့်ပင်။ အိပ်မရ၍ နံနက်မိုးသောက် အလျင်အမြန်ရောက်ရန်သာ ဆုတောင်းလာခဲ့ရသမျှ ယခုတော့ မိုးလင်းရုံမက နေပါမြင့်ပြီ။ ဆိုင်လည်း ဖွင့်ထားပြီးပြီဆိုတော့ သတင်းဖြန့်သူ မယုတစ်ယောက် ဆိုင်ကိုရောက်လာရန်သာကျန်တော့သည်။ မယုကလည်း သည်နေ့ကျမှ ဘာလို့အလာနောက်ကျနေလဲမသိ။

"မဝေရေ မဝေ"

"ဟယ် မျှော်လိုက်ရတာ မယုရယ်။

အခုလေးတင်ပဲ မယုက ဒီနေ့ကျမှ ဘာလို့နောက်ကျနေတာလဲမသိဆိုပြီး တွေးနေတာ"

"လာမလို့ပဲ မဝေရေ။

စာမျက်နှာ ၂၅ သို့ ➤

# ဧရာဝတီတိုင်းဒေသကြီးထွက် အစေ့ထုတ်ပြောင်းများ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တန်ချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချသွားမည်



**ပုသိမ် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တန်ချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသတင်းများအရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အစေ့ထုတ်ပြောင်းများ တင်ပို့နိုင်ရေးအတွက် ထိုင်းနိုင်ငံသို့ အစေ့ထုတ်ပြောင်းတန်ချိန် ၂၇၀၀ တင်ပို့နိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများအရ မေ ၂၁ ရက်တွင် ပုသိမ်မြို့ စက်မှုစီမံကိန်းဆိပ်ကမ်း (Ayeyarwaddy International Industrial Port) မှ MV-M(L-19) သင်္ဘောဖြင့် အစေ့ထုတ်ပြောင်းတန်ချိန် ၂၇၀၀ ထိုင်းနိုင်ငံ Khantang ဆိပ်ကမ်းသို့ ပထမအကြိမ်အဖြစ် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ပဖောက်သည်နိုင်ငံများသို့ အစေ့ထုတ်ပြောင်းတန်ချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချပေးနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း၊ အဆိုပါ အစေ့ထုတ်ပြောင်းများကို ပုသိမ်မြို့စီမံကိန်းဆိပ်ကမ်းမှ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးထွက်ရှိနေသော ဒေသထွက်ကုန်များကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပေးနိုင်သဖြင့် ပြည်ပပို့ကုန်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားဝင်ငွေများ ရရှိစေသည့်အပြင် ရန်ကုန်ဆိပ်ကမ်းများမှတစ်ဆင့် တင်ပို့ရောင်းချခြင်းထက် သယ်ယူစရိတ်များ လျှော့ချဆောင်ရွက်နိုင်သဖြင့် အကျိုးအမြတ်များ ပိုမိုခံစားရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ စိုက်ပျိုးသူတောင်သူများ၊ ကုန်တင်ကားပိုင်ရှင်များ၊ ဒေသတွင်း အလုပ်သမားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# ကြို့ပင်ကောက်မြို့နယ်၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဆင်း

**ကြို့ပင်ကောက် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဆင်းပွဲကို ဇွန် ၃ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်က သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသော လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းနှင့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိအသုံးချစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းများကို မေ ၂၅ ရက်မှ ဇွန် ၃ ရက်ထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ကိုနိုင်**



➤ စာမျက်နှာ ၂၄ မှအဆက်

သတင်းအတိအကျကိုလိုက်နေရလို့ နောက်ကျသွားတာ"

"ဟယ်. . . ဟုတ်လား ဘာသတင်းတွေတုံး။ ပြောပါအုံးမယုရဲ့"

"ဘာသတင်းရမှာလဲမဝေရဲ့။ မိချိုတစ်ယောက် နောက်လင်နောက်ကို လိုက်ပြေးသွားပြီတဲ့"

"ဟယ်. . . တကယ်"

"မအုံ့ဩနဲ့အုံး မဝေရေ။ မိချိုက ဘယ်သူနဲ့ထွက်ပြေးတယ်မှတ်တုံး"

"ဘယ်သူနဲ့တုံးဟဲ့"

"စိုးထွန်းရဲ့ညီအငယ်ဆုံးကောင်နဲ့တဲ့တော်"

"ဘုရား ဘုရား"

"ဆက်ပြောရအုံးမယ်မဝေရဲ့။ မိချို အခုလိုလုပ်တာ သိသွားတော့ စိုးထွန်းက ရှက်တယ်ဆိုပြီး သူ့ကိုယ်သူသတ်သေပါမယ်လုပ်လို့ ဝိုင်းတားထားကြရသတဲ့"

"ဟယ် သူလဲရှက်မှာပေါ့ဟယ်။ စိုးထွန်းရဲ့ညီနဲ့မှ မိချိုကလဲထွက်ပြေးရတယ်လို့။ ဒါနဲ့ဘယ်လိုများဖြစ်ရတာလဲ မယုရယ်။ မိချိုက အနေအထိုင်အေးပါတယ်"

"ဘယ်လိုဖြစ်ရမလဲမဝေရယ်။ တကယ်အဖြစ်အမှန်က မိချိုတို့သားအမိဒီရပ်ကွက်ကိုရောက်လာတာ မိချိုရဲ့အဖေက နှင်ချလိုက်လို့တဲ့မဝေရဲ့"

"ပြောတော့မိချိုရဲ့အဖေက သေပြီမို့ သားအမိနှစ်ယောက်တည်းရှိတာဆို"

"အဲဒါအလိမ်အညာတဲ့မဝေရဲ့။ အခုကျမှ မိချိုရဲ့အမေလဲ တစ်ရက်က နှစ်ရှက်ရပြီး မျက်နှာဖုံးကွာကျတော့တာပဲ။ ဘာတဲ့သူ့တုန်းက အိမ်ထောင်ရေးဖောက်ပြန်တာကို မိချိုအဖေကသိသွားတော့ မပေါင်းနိုင်ဘူးဆိုပြီး နှင်ချတာခံခဲ့ရတာတဲ့။ အခုသူ့သမီးကျလဲ သူ့ကိုတူပြီး မျိုးရိုးဗီဇက ဇာတိပြတာ၊ မျိုးရိုးလိုက်တာနေမှာတဲ့"

"အဲဒါဖြင့်မယုရယ် စိုးထွန်းကျတော့ ဘာလို့မျိုးရိုးမလိုက်တာလဲ"

"အင်း အဲဒါကတော့ စိတ်ပေါ့မဝေရယ်။ သူ့စိတ်ကိုသူထိန်းချုပ်နိုင်လို့ပေါ့ မဝေရဲ့။ ကဲ မဝေရေ ကျွန်မအခြားအိမ်တွေကို လှည့်ပြောရအုံးမှာမို့ သွားပြီနော်"

မယုကပြောပြောဆိုဆိုနှင့် ထထွက်သွားတော့သည်။ မယုကတော့ သူ့တာဝန်အရ ပြောစရာရှိသည့်အတင်းကို ပြောသွားခြင်းဆိုသော်လည်း ကျွန်မခေါင်းထဲတွင်တော့ အတွေးတို့ဖြင့်ပြည့်နှက်၍ ကျန်ရစ်ခဲ့သည်။ မယုပြောသလိုမျိုး စိုးထွန်းက စိတ်ကိုထိန်းချုပ်နိုင်သူဆိုလျှင် မိချိုကျတော့ စိတ်ကိုထိန်းနိုင်ခြင်းမရှိသူဟု ဆိုရမည်လား။ သို့တည်းမဟုတ် မျိုးစေ့မမှန်၍ အပင်မသန်သူဟုဆိုရမည်လား။ မည်သို့ပင်ဖြစ်စေ မကောင်းသောမျိုးစေ့ကနေ ပေါက်ဖွားလာသည့်ပျိုးပင်ချင်းတူသော်လည်း စိုးထွန်းဆိုသောအပင်လေးကတော့ ယခုအချိန်ထိ အညွန့်တလူလူနှင့် ရှိနေဆဲပင်။ ရှေ့ဆက်၍လည်း အညွှန့်ဝေဖြာကာ ရှင်သန်နိုင်ပါစေဟုသာ. . .။

## စကားပြောရာ နှုတ်ချိုပါ

\- စကားဆိုရာ ပျားသကာ
လိမ္မာယဉ်ကျေးပါ၊
ချိုသာစကား ပြောဆိုက
လူတိုင်းနှစ်သက်ကြ။

\- ကြားရသူမှာ နားဝင်ချို
စိတ်ချမ်းမြေ့သလို၊
ချစ်ခင်မှုတွေ ပိုတိုးပွား
ကောင်းကျိုးအလွန်များ။

\- မှတ်သားထိုက်သည့် စကားအမွေ
လိုက်နာရမယ်လေ၊
ကျင့်ကြံကြစေ တစ်သက်လုံး
အကျိုးရှိစွာသုံး။

\- နှလုံးလှလို့ အသိကြွယ်
လူ့လောကအလယ်၊
ထက်မြက်ပြီးကွယ် ဉာဏ်ရည်ပျိုး
ယုံကြည်မှုတွေတိုး။

\- တန်ဖိုးကြီးလို့ သင်ယူပါ
စကားပြောပညာ၊
နှုတ်မှုရေးရာ ကျွမ်းကျင်ရေး
အမြဲလေ့ကျင့်ပေး၊
အောင်မြင်ဖို့မဝေး။ ။

**ခင်နွဲ့မူ(ပုလဲ)**

# မိတ္ထီလာမြို့နယ် ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မီမီအောင်နှင့်ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# လူအများကို စကားပြောမယ်ဆိုရင်

## ကိုယဉ်ချစ်(မန္တလေး)

နေ့စဉ် လူတိုင်းမဖြစ်မနေလုပ်နေရတဲ့အလုပ်တစ်ခုကတော့ စကားပြောဆိုခြင်းပါပဲ။ နေ့တိုင်းပြုနေကျအလုပ်တစ်ခုမို့ စကားပြောတာဟာ အဆန်းမဟုတ်ဘူးလို့ထင်ရပေမဲ့ လူနေမှုဘဝတည်ဆောက်နေရသမျှ စကားပြောခြင်းဟာ အရေးပါနေပါတယ်။ တစ်ဦးချင်းပြောဆိုနေကြတာတွေရှိသလို အများနဲ့ထိတွေ့ဆက်ဆံပြောဆိုနေရတာတွေလဲ ရှိနေတယ်။

ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ စကားစစ်ထိုးပွဲ၊ ဟောပြောပွဲတွေ၊ အခမ်းအနားတွေမှာ အမှာစကားပြောတာ၊ ဩဝါဒစကားပြောတာ၊ သင်တန်းတွေမှာ သင်ကြားပို့ချတာ၊ လူထုပရိသတ်ကို ဟောပြောတာတွေဟာ အများနဲ့ထိတွေ့ဆက်ဆံစကားပြောဆိုတာတွေပါပဲ။ ပရိသတ်ဘဝက နာယူမှတ်သားခဲ့ရတဲ့အကြောင်းအရာတွေ၊ ဟောပြောသူတွေရဲ့ ဟောပြောပုံ၊ ဟောပြောနည်းတွေ နာယူမှတ်သားခဲ့တော့ မိမိက ဆွေးနွေးဟောပြောရတဲ့အလှည့်ရောက်တော့ အများကြီးအသုံးဝင်ခဲ့ပါတယ်။ တစ်နည်းပြောရရင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေရဲ့ ကျေးဇူးတွေကြီးမားလှပါတယ်။

သင်တန်းတွေမှာ သင်တန်းဆရာတွေရဲ့ ဆွေးနွေးပို့ချချက်တွေကို မှတ်သားအတုယူခဲ့ရတာတွေ၊ စာပေပညာရှင်တွေ၊ အနုပညာရှင်တွေဆီက မှတ်သားခဲ့ရတာတွေကလဲ တိုက်ရိုက်မဟုတ်တောင် တစ်နည်းမဟုတ်တစ်နည်းနဲ့ အတုယူစရာတွေဖြစ်ခဲ့ပါတယ်။ သူတို့ပြောလိုက်တဲ့စကားတွေထဲက တစ်သက်တာစွဲလမ်းသွားစေတဲ့ စကားလုံးလေးတွေဆိုရင် မှတ်မိနေရုံသာမကဘဲ လက်တွေ့နယ်ပယ်မှာ အသုံးဝင်၊ အသုံးချခဲ့ရတာတွေလဲရှိပါတယ်။ ဗိုလ်ဗကို၊ မြတ်လေး၊ ဝင်းဦး၊ ကောလိပ်ဂျင်နေဝင်း စတဲ့ရုပ်ရှင်မင်းသားကြီးတွေရဲ့ စတိုင်လ်နဲ့ စကားလုံးတွေ၊ လေယူလေသိမ်းတွေဟာ အနုပညာရှင်အချင်းချင်းတောင် ပြန်ပြီးအတုခိုးရတဲ့အထိ စွဲမက်စရာပါ။ ဇာတ်သဘင်မှာဆိုရင်လဲ အလင်္ကာကျော်စွာရွှေမန်း ဦးတင်မောင်ရဲ့ပြဇာတ်တွေ၊ နောက်ပိုင်းဇာတ်ထုပ်တွေထဲက ပြောပုံဆိုပုံတွေ၊ အမယ်ကြီးအို ဦးအောင်စိန်၊ ဦးဓာတ်ရှင် စတဲ့ဇာတ်ပညာရှင်ကြီးတွေရဲ့ ပြောဟန်ဆိုဟန်တွေဟာ ထူးခြားကောင်းမွန်လွန်းတာကြောင့် နောင်လာနောက်သားတွေအတုယူမှတ် သားနေကြရဆဲပါ။ စာပေပညာရှင်ကြီးတွေ အများကြီးထဲက မိမိနာယူမှတ်သားဖူးတဲ့ ဆရာကြီး ဦးအောင်သင်း၊ ဆရာကြီးဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဆရာဦးချစ်နိုင်(စိတ်ပညာ) စတဲ့သူတွေဆီက ဆွေးနွေးဟောပြောပွဲတွေက ပညာတွေရခဲ့ပါတယ်။ ဘဝမှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပါပဲ။

လူအများကို စကားပြောရမဲ့သူတစ်ယောက်ဖြစ်လာခဲ့ရင် အောင်မြင်တဲ့ဆွေးနွေးဟောပြောသူတစ်ယောက်ရဲ့ လိုအပ်ချက်တွေကို အမြဲအလေးထားရပါတယ်။

**စာများများဖတ်**

ဘယ်အကြောင်းအရာကို ဘာခေါင်းစဉ်နဲ့ ပြောပြော၊ ပြောမဲ့ခေါင်းစဉ်နဲ့ လျော်ညီမဲ့အကြောင်းအရာအချက်အလက်တွေကို ပြည့်စုံနိုင်အောင် စာတွေဖတ်ရှုလေ့လာထားရပါတယ်။ ဖတ်ထားတဲ့စာတွေထဲက မှတ်စုတွေထုတ်ထားရတယ်။ ဘယ်လောက်ပဲကောင်းအောင်ဟောပြောနိုင်သူဖြစ်ပါစေ စာအုပ်စာပေနဲ့ လုံးဝကင်းကွာလို့မရ။ စာမဖတ်ဘဲပြောချင်တဲ့အကြောင်းအရာတွေကို ကြုံသလိုလက်တန်းပြောတာမျိုးကလဲ အချက်အလက်မပြည့်စုံတာမို့ ပရိသတ်စိတ်ဝင်စားမှုအပြည့်အဝမရနိုင်ပါ။ ဟောပြောသူဟာ စာများများဖတ်တဲ့သူတော့ဖြစ်ဖို့လိုတယ်။ စာများများဖတ်ထားတဲ့သူဟာ သူတစ်ပါးရဲ့အရေးအသားတွေ၊ အပြောအဆိုတွေကို ဖတ်လေသိမြင်လာလေဖြစ်တာမို့ ကိုယ်တိုင်ပြောင်မြောက်တဲ့အသုံးအနှုန်းတွေကို ထည့်ပြီးဟောပြောလာနိုင်ပါတယ်။ စာဖတ်တဲ့ဝမ်းစာကပြည့်နေလို့ မိမိကိုယ်ကိုယုံကြည်မှုတွေပြည့်နေပါတယ်။

**ကြိုတင်ပြင်ဆင်**

ပြောမဲ့အကြောင်းအရာ၊ ဘယ်လိုနိဒါန်းပျိုးမယ်၊ ဘယ်အချက်အလက်တွေကိုထည့်ပြီးပြောမယ်၊ ဘယ်အချိန်ထိပြောမယ်၊ ဘယ်လိုနိဂုံးချုပ်မယ်ဆိုတာတွေကို ပွဲမဝင်ခင် အပြင်ကကျင်းပဆိုစကားလို ကြိုတင်ပြင်ဆင်ထားရပါတယ်။ တစ်ခါတစ်ရံမှာ မထင်မှတ်ဘဲ၊ အစီအစဉ်မရှိဘဲ ပြောရတာမျိုးတွေလဲရှိတတ်တာမို့ ရှိနေတဲ့အခြေအနေမှာ အကောင်းဆုံးဖြစ်အောင် ပြောနိုင်ဖို့လိုပါတယ်။ ဌာနတာဝန်နဲ့ နယ်မြို့တစ်မြို့ကို သွားရောက်ကွင်းဆင်းတော့ ရွာတစ်ရွာမှာ ရွာလူကြီးတွေက ရွာသူရွာသားတွေ စာဖတ်ကြစေချင်လို့ စာဖတ်ကြဖို့အကြောင်းဟောပြောပေးပါလို့ တောင်းဆိုကြတယ်။ မိုးတွေမိပြီး မိုးရေတွေရွှဲနစ်နေလို့ ဟောပြောရမယ်ဆိုတဲ့ မူလအစီအစဉ်ထဲမှာလဲမပါ။ ကျောင်းခန်းမဆောင်ကြီးထဲမှာ ပရိသတ်ကလဲစောင့်နေကြပြီ။ ပြောရမဲ့ဟောပြောပွဲခေါင်းစဉ်ကို ဘယ်လိုပြောရမှန်းမသိ။ ငြင်းဆန်လို့လဲမဖြစ်တော့ ခန်းမဆောင်ဆီကို လမ်းလျှောက်သွားရင်း ကျောင်းနံရံက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာလို့ရေးထားတဲ့ စာသားလေးကိုကြည့်ပြီး ဟောပြောမဲ့ခေါင်းစဉ်ကို စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာလို့ပေးပြီး ဖတ်ထားမှတ်ထားသမျှတွေနဲ့ ပြောလိုက်တာ ၄၅ မိနစ်လောက်ကြာသွားတယ်။ နိဂုံးချုပ်မှာတော့ ဒေသတွေ၊ ပြည်သူတွေတိုးတက်ဖို့ဆိုရင် ပညာတတ်တွေပေါ်များဖို့ လိုကြောင်း၊ စာများများဖတ်ကြဖို့လိုကြောင်း၊ စာဖတ်တဲ့သူတွေဟာ အသိအမြင်တွေကျယ်ပြန့်ကြပြီး အမှားအမှန်တွေခွဲခြားနိုင်ကြောင်း၊ စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့သူတွေဟာ ရေရှည်မှာ အရည်အချင်းတွေခြားနားသွားကြောင်း၊ စာဖတ်ကြဖို့တိုက်တွန်းပါကြောင်း ဆိုပြီး နိဂုံးချုပ်လိုက်ပါတယ်။ မူလအစီအစဉ်မရှိပေမဲ့ မမျှော်လင့်တဲ့ကိစ္စတစ်ခုကို ဖြေရှင်းလိုက်ရတဲ့အတွေ့အကြုံတစ်ခုရခဲ့ပါတယ်။ ဒါကြောင့် ဘယ်ကိစ္စမျိုးပဲဖြစ်ဖြစ် အမြဲအဆင်သင့်ဖြစ်နေအောင် ကြိုတင်ပြင်ဆင်ထားနိုင်ရင်အကောင်းဆုံးပါပဲ။ ကြိုတင်ပြင်ဆင်ခြင်းဟာ လုပ်ငန်းရဲ့ထက်ဝက်အလုပ်တွေ ပြီးစီးစေပါတယ်။

**လေ့ကျင့်**

ကြိုတင်ပြင်ဆင်မှုတွေအပြင် ပွဲမဝင်ခင်အပြင်ကကျင်းပဆိုသလို လေ့ကျင့်တဲ့အလုပ်ကိုလဲ လုပ်သင့်ပါတယ်။ မိမိကဟောပြောဖို့အကြောင်းရှိလာပြီဆိုရင် ဟောပြောရမဲ့အကြောင်းအရာတွေနဲ့ ဆက်စပ်တဲ့အချက်အလက်တွေကို စုဆောင်းရတယ်။ ဝတ်စားဆင်ယင်မှုကိစ္စကအစ ပြင်ဆင်ရတယ်။ လေ့ကျင့်တာနဲ့ပတ်သက်ပြီး ငယ်ငယ်ကအတွေ့အကြုံလေးတစ်ခုကို ပြန်သတိရတယ်။ အရပ်ထဲက ကိုကံချွန်ဆိုတဲ့လူဟာ ပညာအရည်အချင်းက အလယ်တန်းအဆင့်လောက်ပဲ။ ဒါပေမဲ့ သူကစာတွေအများကြီးဖတ်တယ်။ အရပ်ထဲက လူမှုရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွလုပ်တယ်။ အခမ်းအနားတွေမှာ မကြာခဏစကားတက်ပြောတဲ့အခါ စကားပြောအင်မတန်ကောင်းတယ်။ သူ့ကို စကားပြောဘယ်လိုလေ့ကျင့်လဲလို့မေးကြည့်တော့ သူပြောတာက "သူ့ရပ်ကွက်ရဲ့တောင်ဘက်မှာ ဗေဒါပင်တွေနဲ့ပြည့်နေတဲ့ အင်းကြီးရှိတယ်။ သူကအားရင် အင်းစောင်းကသစ်ပင်ရိပ်ဆီကိုသွား၊ ဗေဒါပင်တွေကို သူ့ပရိသတ်လို့သဘောထားပြီး သူပြောချင်တာတွေ တစ်ယောက်ထဲ ပြောတာတဲ့။ သူပြောပြတာက ရယ်စရာကြီးဖြစ်နေပေမဲ့ သူ့ရဲ့လေ့ကျင့်မှုက သူစကားပြောကောင်းတာကို အထောက်အကူဖြစ်ခဲ့တာ အမှန်ပဲ။ သူ့ကိုရှုံးသွပ်တယ်လို့ပြောစေအုံးတော့ စကားပြောကောင်းတဲ့အရည်အချင်းတော့ သူပိုင်ဆိုင်ထားတာ အမှန်ပါပဲ။ ဒါကြောင့် အများကိုစကားပြောကြမယ်ဆိုရင် လေ့ကျင့်ခြင်းက အရေးပါတယ်ဆိုတာ ထင်ရှားပါတယ်။

**❖ ဟောပြောခြင်းဆိုတဲ့ အများကိုစကားပြောတဲ့အလုပ်ဟာ လွယ်မယောင်နဲ့ ခက်ခဲပါတယ်။ အတွေ့အကြုံမရှိသေးရင် စင်ပေါ်လဲရောက်ကော အောက်က ပရိသတ်ထုကိုကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်တတ်ပါတယ်။ ဟောပြောတဲ့အတွေ့အကြုံတွေများလာမှ တည်ငြိမ်လာတာပါ။ အတွေ့အကြုံရှိပြီးသားသူတွေတောင်မှ စိုးရွံ့မှု၊ စိုးရိမ်မှုတွေ အနည်းနဲ့ အများရှိကြပါတယ်။ အတွေ့အကြုံရှိပြီး ဟောပြောသူတွေတောင် မဟောပြောခင် ကြောက်စိတ်ဖြစ်လေ့ရှိကြောင်း သုတေသနပြုချက်တွေအရ သိရပါတယ်။ စကားပြောတာဟာ နေ့စဉ်ပုံမှန်အလုပ်တစ်ခုဖြစ်ပေမဲ့ လူအများစုဟာ ပရိသတ်ထုရှေ့မှာ စကားပြောဖို့ဝန်လေးကြပါတယ်။ ❖**

**ပရိသတ်**

မိမိပြောရမဲ့အဓိကပစ်မှတ်ကပရိသတ်မို့ ပရိသတ်ကို အလေးအနက်ထားရမယ်။ ပရိသတ်ကို အထင်သေးဖို့မသင့်သလို စိုးရိမ်ကြောက်ရွံ့ဖို့လဲမဟုတ်ဘူး။ မိမိပြောတာကို နားထောင်ဖို့ရောက်လာကြသူတွေဖြစ်တာမို့ ပရိသတ်ကိုတော့လေးစားရမယ်။ ပရိသတ်နဲ့မိမိ တစ်သားတည်းရှိနေကြောင်းကိုပြပြီး ပရိသတ်နဲ့ ရင်းနှီးမှုတည်ဆောက်ရမယ်။ ပြောတဲ့စကားတွေမှာ ကိုယ်နဲ့ပရိသတ် ခွဲခြားရာရောက်တဲ့စကားအသုံးအနှုန်းတွေကို ဆင်ခြင်သုံးနှုန်းရမယ်။ ပရိသတ်ကို မိမိဘက်ပါလာအောင် ဟောပြောစည်းရုံးရမှာကိုး။ ပရိသတ်ဆိုတာ စင်အောက်ကနေ မိမိဟောပြောချက်တွေကို အချိန်ပေးပြီး လာရောက်နားထောင်ကြသူတွေမို့ ကိုယ့်ဟောပြောချက်တွေဟာ ပရိသတ်အတွက် အကျိုးဖြစ်စေရမယ်ဆိုတဲ့စေတနာကို အရင်းခံထားရမယ်။ သူတို့ပေးဆပ်ထားတဲ့အချိန်နဲ့ ထိုက်တန်အောင်၊ အကျိုးရှိအောင် အလေးထားဟောပြောနိုင်ရမယ်။ ပရိသတ်အမျိုးအစားရဲ့အခြေအနေကိုကြည့်ပြီး လိုက်လျောညီထွေဖြစ်စေမဲ့ ဟောပြောချက်တွေကို ဟောပြောနိုင်ရမယ်။ ပရိသတ်ကိုအထင်သေးတဲ့ လေသံမျိုးတွေကို သုံးနှုန်းမိရင်တော့ ပရိသတ်ရဲ့စိတ်ဝင်စားမှုကလျော့ကျပြီး ကိုယ်ရဲ့ဆွေးနွေးဟောပြောမှုက မအောင်မြင်နိုင်တော့ပါ။

တချို့က ဟာသလေးတွေထည့်ပြောမှ သဘောကျကြတယ်။ တချို့က သီချင်းလေးဆိုပြပေးမှ သဘောကျတယ်။ ဟာသပြောသင့်တဲ့နေရာမှာ ဟာသလေးထည့်ပြော၊ သီချင်းဆိုပြသင့်ရင် သီချင်းလေးဆိုပြပေးပြီး ပရိသတ်ကို ဆွဲဆောင်စည်းရုံးနိုင်ရမယ်။ အဆက်အစပ်မရှိဘဲ သီချင်းဆိုပြတာတို့၊ မရယ်ရတဲ့ဟာသတွေပြောတာတို့ကို ရှောင်ကြဉ်ရပါမယ်။ အထောက်အထားတွေပြချင်တာနဲ့ စာတွေဖတ်ပြတာကို ဦးစားပေးလွန်းရင်လဲ မိမိဟောပြောချက်က စာဖတ်သလိုဖြစ်ပြီးပရိသတ်ကို ဆွဲဆောင်မှုလျော့ကျသွားတတ်တာကို သတိမူရမယ်။

**ဟန်ပန်အမူအရာ**

ဟောပြောသူဟာ စင်မြင့်ပေါ်က ဟောပြောနေတာဖြစ်လို့ အောက်ကပရိသတ်အားလုံးက အာရုံစူးစိုက်နေတယ်ဆိုတာကို ဂရုပြုရပါမယ်။ ဝတ်စားဆင်ယင်မှု၊ ကိုယ်ဟန်အမူအရာတွေဟာ ဟောပြောမှုကို အနှောင့်အယှက်မဖြစ်အောင် ဆင်ခြင်ရပါမယ်။ ပြောလိုက်တဲ့စကားနဲ့မကိုက်ညီတဲ့ ခန္ဓာကိုယ်လှုပ်ရှားမှုတွေကို ရှောင်ရှားရပါမယ်။ ဟောပြောနေစဉ်မှာ အကြည့်ရဆိုး အမြင်ရခက်တဲ့အပြုအမူတွေ ထပ်ကာထပ်ကာမပြုမိအောင် သတိထားရပါမယ်။

ဟောပြောခြင်းဆိုတဲ့ အများကိုစကားပြောတဲ့အလုပ်ဟာ လွယ်မယောင်နဲ့ခက်ခဲပါတယ်။ အတွေ့အကြုံမရှိသေးရင် စင်ပေါ်လဲရောက်ကော အောက်က ပရိသတ်ထုကိုကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်တတ်ပါတယ်။ ဟောပြောတဲ့အတွေ့အကြုံတွေ များလာမှ တည်ငြိမ်လာတာပါ။ အတွေ့အကြုံရှိပြီးသားသူတွေတောင်မှ စိုးရွံ့မှု၊ စိုးရိမ်မှုတွေအနည်းနဲ့အများရှိကြပါတယ်။ အတွေ့အကြုံရှိပြီး ဟောပြောသူတွေတောင် မဟောပြောခင် ကြောက်စိတ်ဖြစ်လေ့ရှိကြောင်း သုတေသနပြုချက်တွေအရ သိရပါတယ်။

စကားပြောတာဟာ နေ့စဉ်ပုံမှန်အလုပ်တစ်ခုဖြစ်ပေမဲ့ လူအများစုဟာ ပရိသတ်ထုရှေ့မှာစကားပြောဖို့ဝန်လေးကြပါတယ်။ လူအများကို စကားပြောတာဆိုတာ လူထုပရိသတ်ရှေ့မှာ စဉ်ဆက်မပြတ် တင်ဆက်ပြောဆိုခြင်းဖြစ်တာ၊ အချိန်အကန့်အသတ်နဲ့ ပြောရတာမျိုးတွေဖြစ်တာကြောင့် သာမန်စကားပြောတာထက် တိကျသေချာအောင်စီစဉ်ပြောဆိုရပါတယ်။

အများကို စကားပြောရတဲ့ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေမှာ အောက်ပါအချက်တွေကို လိုက်နာပြောဆိုသင့်ပါတယ်-

ဆွေးနွေးဟောပြောမဲ့ရည်ရွယ်ချက်ကို တိတိကျကျချမှတ်ပါ၊ အချက်အလက်တွေကိုအကြောင်းအကျိုးဆီလျော်အောင် ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းပါ၊ ဆွေးနွေးဟောပြောမဲ့အချက်တွေဟာ ပရိသတ်နဲ့ ဆီလျော်ပါစေ၊ အထေ့အငေါ့၊ အစောင်းအချိတ် စကားလုံးတွေ ရှောင်ကြဉ်ပါ၊ ပရိသတ်ရဲ့အာရုံစူးစိုက်မှုရှိမဲ့ နိဒါန်းနဲ့ ထိရောက်တဲ့နိဂုံးဖြစ်ပါစေ၊ ဆွေးနွေးဟောပြောဖို့ စာတမ်းကို စနစ်တကျပြုစုပြီး ကြိုတင်လေ့ကျင့်ထားပါ၊ ရှင်းရှင်းလင်းလင်း၊ ပီပီသသပြောပါ၊ ဆွေးနွေးဟောပြောတဲ့အကြောင်းအရာတွေမှာ စေတနာပါပါစေ၊ ကိုယ်ပိုင်ပင်ကိုဟန်၊ ပင်ကိုလေသံနဲ့သာပြောပါ၊ ပရိသတ်ကို လေးစားတဲ့အမူအရာ၊ လေသံနဲ့ တည်တည်ငြိမ်ငြိမ်ပြောပါ၊ ပြောခွင့်ရလို့ပြောပြီးတိုင်း မိမိရဲ့ဆွေးနွေးဟောပြောချက်ရဲ့ အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်ဆန်းစစ်ပြီး ကောင်းတဲ့အချက်တွေကို ပိုကောင်းအောင်၊ အားနည်းချက်တွေကို အားသာချက်တွေဖြစ်လာအောင်ပြုပြင်ယူရင် နောက်အကြိမ်တွေမှာ ပိုကောင်းလာပြီး အောင်မြင်တဲ့ဆွေးနွေးဟောပြောသူတစ်ယောက်ဖြစ်လာပါမယ်။

လူတိုင်းဟာ လူနေမှုပတ်ဝန်းကျင်နဲ့ နေထိုင်ဆက်ဆံနေကြတာဖြစ်တဲ့အတွက် အကြောင်းတစ်ခုခုကြောင့် လူအများကို စကားပြောရတာမျိုးတွေ၊ ပရိသတ်ကို သိစေချင်တဲ့အကြောင်းကိစ္စတွေကို ဟောပြောရတာတွေ ကြုံလာနိုင်ပါတယ်။ ကြုံလာခဲ့ရင် အောင်မြင်တဲ့ဆွေးနွေးဟောပြောသူတစ်ယောက်ဖြစ်အောင် စကားပြောတဲ့ပညာရပ်တွေကို ရှာဖွေလေ့လာဆည်းပူးထားသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# Air KBZ လေကြောင်းလိုင်းက ရန်ကုန်-လွိုင်ကော်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို စတင်တိုးချဲ့ပျံသန်းပြေးဆွဲ




**ရန်ကုန် ဇွန် ၄**

Air KBZ လေကြောင်းလိုင်းက ရန်ကုန်-လွိုင်ကော်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို ယနေ့မှစ၍ တိုးချဲ့ပျံသန်းပြေးဆွဲပေးနေကြောင်း အဆိုပါ လေကြောင်းလိုင်း၏ သတင်းများအရ သိရသည်။

Air KBZ လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို ပျံသန်းပြေးဆွဲပေးလျက်ရှိရာ တိုက်ရိုက်လေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းပြေးဆွဲပေးနေကြောင်း၊ အဆိုပါပျံသန်းပြေးဆွဲနေမှုများအရ ရန်ကုန်-လွိုင်ကော် တိုက်ရိုက်လေကြောင်းခရီးစဉ်ကို ရန်ကုန်-လွိုင်ကော်-ရန်ကုန်ခရီးစဉ်အဖြစ် ယနေ့မှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့်တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲနေကြောင်း သိရသည်။

ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှနံနက် ၇ နာရီ မိနစ် ၃၀ တွင် ထွက်ခွာကာ လွိုင်ကော်မြို့သို့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး လွိုင်ကော်မြို့မှ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ နံနက် ၁၀ နာရီတွင် ပြန်လည် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခမှာ ငွေကျပ် ၁၇၆၀၀၀ ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Air KBZ လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-ကလေး-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် တစ်ပတ်လျှင် သုံးရက်ပျံသန်းပြေးဆွဲပေးနေရာမှ ကြာသပတေးနေ့တွင် ထပ်မံတိုးချဲ့ပြေးဆွဲပေးနေကြောင်း၊ အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် စနေနေ့တို့၌ ပြေးဆွဲပျံသန်းရာတွင် ရန်ကုန်မြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာကာ ကလေးသို့ နံနက် ၁၀ နာရီတွင် ဆိုက်ရောက်ပြီး ကလေးမြို့မှ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထပ်မံတိုးချဲ့ပြေးဆွဲပေးသည့် ကြာသပတေးနေ့တွင် ရန်ကုန်မြို့မှ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ထွက်ခွာကာ ကလေးမြို့သို့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ကလေးမြို့မှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၄၅ မိနစ်တွင်ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# မင်းဘူးမြို့နယ် ကြီးပင်ကန် (န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးပင်ကန်(န) ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့် အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၂၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကြီးပင်ကန်(န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် ဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စင်မာ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဂေဟစနစ်ကိုဖျက်ဆီးပစ်သော ပလတ်စတစ်ဆိုးကျိုးများ

ပေါက်ပေါက်

ပလတ်စတစ်ပစ္စည်းများသည် ကမ္ဘာကြီး၏ ဂေဟစနစ်ကို ဖျက်ဆီးနေပြီဖြစ်ကြောင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၏ လေ့လာဖော်ထုတ်ချက်အရ ၁၉၆၀ ပြည့်နှစ်ခန့်တွင် စတင်သတိထားမိလာကြသည်။ ဂေဟစနစ်ကိုအဆိပ်သင့်စေသည့် ပလတ်စတစ်ဆိုးကျိုးများကလည်း စာဖွဲ့၍ မကုန်နိုင်ပေ။ ကုန်း၊ ရေ၊ လေ သုံးဌာန သက်ရှိသက်မဲ့အရာအားလုံးကို ပလတ်စတစ်က မညှာမတာဖျက်ဆီးပစ်သည်။

ကမ္ဘာကြီးသည် ရေကမ္ဘာကြီးဟုဆိုရလောက်အောင် ကုန်းမြေထက် ရေများကဖုံးလွှမ်းနေသော်လည်း ၉၈ ရာခိုင်နှုန်းဖြစ်သော ပင်လယ်ရေများသည် သောက်သုံး၍မရဘဲ ၂ ရာခိုင်နှုန်းမျှသာရှိသောရေချိုကိုသာ သောက်သုံးနေရသည်။ ယခုအခါ ရေထုထဲတွင် ပလတ်စတစ်ညစ်ညမ်းမှု ဖြစ်နေသဖြင့် အနာဂတ်ကမ္ဘာအတွက် ကြီးလေးသောစိန်ခေါ်မှု ဖြစ်နေသည်။

စက္ကူ၊ သစ်သားတို့က ဆွေးမြည့်ပျက်စီးလွယ်သော်လည်း ပလတ်စတစ်အပိုင်းအစလေးတစ်ခုပျက်စီးသွားရန် အနှစ် ၇၀၀ ကြာမြင့်ပြီး အလုံးစုံပျက်စီးဆွေးမြည့်ရန်က နှစ် ၁၀၀၀ ထိကြာသည်။ သာမကဆိုရပါမူ လူ့သက်တမ်းကို ပျမ်းမျှအသက် နှစ် ၇၀ ဖြင့်တွက်လျှင် ထိုသူ သုံးစွဲစွန့်ပစ်လိုက်သော ပလတ်စတစ်အမှိုက်တစ်စက သူနောင်ဆယ်ဘဝမက ကြာမြင့်သည်ထိ ၎င်းအမှိုက်သည် မပျက်စီးမဆွေးမြည့်နိုင်သေးပေ။ ထို့ကြောင့် အလွန်စိုးရိမ်ဖွယ်ဖြစ်ပါသည်။

လူတစ်ဦး တစ်နှစ်တာကာလအတွင်း သုံးစွဲစွန့်ပစ်လိုက်သည့် ပလတ်စတစ်ပမာဏသည် ပျမ်းမျှနှစ်ပိသာကျော် အလေးချိန်ရှိကြောင်းနှင့် ကမ္ဘာ့လူဦးရေ ၇ ဘီလီယံကျော်ရှိရာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန်ပေါင်း ၂၇၃ သန်းကျော်ရှိကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။ ထိုမြောက်မြားစွာသော စွန့်ပစ်ပစ္စည်းပမာဏသည် နောင်နှစ် ၁၀၀၀ ကြာမှ ဆွေးမြည့်ပျက်စီးနိုင်မည်ကို တွေးကြည့်ရုံမျှဖြင့် ကြက်သီးထဖွယ်ဖြစ်သည်။ ရတက်မအေးဖွယ်လည်းဖြစ်ရသည်။

ပလတ်စတစ်သဘောသဘာဝအရ ပေ့ါပါးလွန်း၍ လေနှင့်အတူလည်းကောင်း၊ ရေစီးကြောင်းဖြင့်လည်းကောင်း နေရာအနှံ့အပြားသို့ ရောက်ရှိသွားနိုင်သည်။ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်တွင်လည်း ပလတ်စတစ်အမှိုက်များရှိနေသည်။

ကုန်းပေါ်ရှိ ပလတ်စတစ်က မြေဆီလွှာကိုပျက်စီးဆုံးရှုံးစေ၍ လယ်ယာသီးနှံများနှင့် စားပင်သောက်ပင်များမဖြစ်ထွန်းနိုင်တော့ပေ။ ထို့ပြင် မြေဆီလွှာပျက်စီးမှုကြောင့် သစ်ပင်များ မအောင်မြင်မဖြစ်ထွန်းနိုင်တော့ဘဲ မိုးလေဝသရာသီဥတုလည်း မမှန်နိုင်တော့ပေ။

လူသူအရောက်အပေါက်နည်းလှသည့် ကျွန်းများတွင်လည်း ပလတ်စတစ်အမှိုက်ရှိနေကြသည်။ အကြောင်းမှာ ငါးဖမ်းစက်လှေများက ၎င်းတို့သုံးမရတော့သည့်ငါးဖမ်းပိုက်များကို ရေထဲသို့အလွယ်တကူစွန့်ပစ်ကြခြင်းကြောင့်ဖြစ်သည်။ လူတချို့ လမ်းမပေါ်၌ ပရမ်းပတာစွန့်ပစ်ထားသည့် အမှိုက်များကလည်း မိုးရွာချိန်တွင် ရေမြောင်းများမှတစ်ဆင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များသို့စီးဝင်ပြီး ပင်လယ်သမုဒ္ဒရာထိ ရောက်သွားတတ်ကြသည်။ ထိုအခါ ပင်လယ်သမုဒ္ဒရာကြမ်းပြင်တွင် ပလတ်စတစ်အမှိုက်သရိုက်များ စုပုံနေကြရာ ရေနေသတ္တဝါများဖြစ်ကြသော ပင်လယ်ငှက်၊ ငါး၊ လိပ်၊ ဖျံတို့က ပလတ်စတစ်များကို အစားအစာအမှတ်ဖြင့် စားသုံးမိကြကာ အစာမခြေဖျက်နိုင်တော့ဘဲ သေဆုံးကြရရှာသည်။

၂၀၅၀ ပြည့်နှစ်ရောက်လျှင် ပင်လယ်သမုဒ္ဒရာထဲရှိ ပလတ်စတစ်အမှိုက်အလေးချိန်ပမာဏက ရေနေသတ္တဝါများထက် ပိုများနေမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ကလည်း ယခုအခါ သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်ပမာဏသည် တန်ချိန် ၇၅ သန်းမှ ၁၉၉ သန်းထိရှိမည်ဟုလည်း မကြာသေးမီက ခန့်မှန်းထားသည်။

ပလတ်စတစ်အမှိုက်များသည် ရာသီဥတုဒဏ်ကြောင့်သော်လည်းကောင်း၊ နေရောင်ခြည်ကပါလာသည့် ခရမ်းလွန်ရောင်ခြည်ကြောင့်သော်လည်းကောင်း ကြွပ်ဆတ်ပြီး အပိုင်းအစလေးသဖွယ် ဖြစ်သွားသည်။ ထိုအပိုင်းအစလေးများကို ကုန်းနေ၊ ရေနေသတ္တဝါများက စားမိသည်။ ဆက်လက်၍ ၎င်းသတ္တဝါများကို လူတို့က စားကြသည်။ ထိုအခါ လူတို့၏ဝမ်းဗိုက်ထဲကို ပလတ်စတစ်အမှုန်များ ရောက်ကုန်သည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံရှစ်နိုင်ငံက လူတို့၏မစင် (ကျင်ကြီးအညစ်အကြေး)ကို နမူနာယူစစ်ဆေးကြည့်ရာ ပလတ်စတစ်များပါနေကြောင်း စိုးထိတ်ဖွယ်တွေ့ရှိရသည်။



လေထုထဲရောက်နေသည့် ပလတ်စတစ်အမှုန်များက လူသားတို့၏အသက်ရှူလမ်းကြောင်းကို ဝင်ရောက်နိုင်သလို သောက်ရေသုံးရေများမှာလည်း ပလတ်စတစ်အမှုန်များ ပါရှိနေသဖြင့် လူတို့နေစဉ် ရေသောက်ရင်းဖြင့် ပလတ်စတစ်များက ဝမ်းဗိုက်ထဲရောက်မှန်းမသိရောက်နေသည်။ ထိုအခါ ကုသရန်ခက်ခဲသော ရောဂါများနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်စေပြီး လူ့သက်တမ်းတိုတောင်းလာနိုင်သည်။

ကုန်း၊ ရေ၊ လေ ဂေဟစနစ်များပျက်စီးဆုံးရှုံးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အစာရေစာရှားပါးလာခြင်းကြောင့် စီးပွားရေးအရရော ကျန်းမာရေးအရပါ ဆိုးကျိုးသက်ရောက်စေသည်။ ထို့ကြောင့် ပလတ်စတစ်သုံးစွဲမှုကို ယခုအချိန်မှစ၍ လုံးဝမထိန်းချုပ်နိုင်ပါက မျိုးဆက်သစ်လူ၊ တိရစ္ဆာန် သက်ရှိအားလုံးအတွက် အငတ်ဘေးဆိုက်နိုင်သည်။

**လူများ ဘာကြောင့် ပလတ်စတစ်ကို အသုံးများကြသနည်း**

ဤကဲ့သို့ ကုန်း၊ ရေ၊ လေ သုံးဌာနဂေဟစနစ်ကို ဖျက်ဆီးနေသော ပလတ်စတစ်ကို လူများ အသုံးများနေကြသည်မှာ အကြောင်းရင်း နှစ်ရပ်ရှိသည်။ ၎င်းတို့မှာ -

- ပလတ်စတစ်ပစ္စည်းများကို ခေတ်အဆက်ဆက် ထုတ်လုပ်ဖြန့်ဖြူးရောင်းသူများရော သုံးစွဲသူများကပါ သည်းခြေကြိုက် ဖြစ်နေကြသည်။ အကြောင်းမှာ ပလတ်စတစ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသူဘက်ကကြည့်လျှင် ကုန်ကြမ်းပစ္စည်းက ဈေးမများဘဲ အလွယ်တကူ ပစ္စည်းများများ ထုတ်လုပ်နိုင်သဖြင့် ကုန်ကျစရိတ်နည်းနည်းနှင့် အမြတ်စွန်းကြီးကြီးရ၍ တွက်ခြေကိုက်ခြင်း၊ လိုအပ်သလိုပုံသွင်း၍ရပြီး အရောင်မျိုးစုံလည်း ထည့်သွင်းပုံဖော်နိုင်သဖြင့် ရောင်းပန်းလှခြင်း၊ သံထည်ပစ္စည်းမဟုတ်သဖြင့် သံချေးမကိုက် တာရှည်ခံနိုင်ခြင်း၊ သစ်သားထည် မဟုတ်သဖြင့် ကျွဲခြင်း ကွဲခြင်းမရှိ၊ ခြစားမည်ကိုလည်းစိတ်မပူရ၊ ကာလကြာရှည်ပစ္စည်းများကို သိုလှောင်ထားနိုင်ခြင်း စသည့်အရည်အသွေးများရှိနေသဖြင့် အလိုရှိသလောက် ထုတ်လုပ်ရောင်းချကြသည်။ ကြွပ်ကြွပ်အိတ်များ၊ တစ်ခါသုံးရေသန့်ဘူးခွံ၊ ကလေးကစားစရာ အမျိုးမျိုးကအစ အိမ်ဆောက်ပစ္စည်းအဆုံး ပလတ်စတစ်သုံး၍ ထုတ်လုပ်ကြသည်။
- သုံးစွဲသူဘက်ကကြည့်လျှင် ပေ့ါပေ့ါပါးပါး သယ်ဆောင်ရလွယ်ခြင်း၊ ဈေးနှုန်းအလွန်သက်သာသော်လည်း ကြာကြာသုံးနိုင်သဖြင့် ငွေကြေးအရတွက်ခြေကိုက်ခြင်း၊ အရောင်နှင့်ဒီဇိုင်းများက ဆွဲဆောင်မှုရှိခြင်း စသည်ဖြင့် အဖိုးနည်းဝန်ပါပစ္စည်းဖြစ်၍ ဝယ်လိုအားများသည်။ ထို့ကြောင့် အိမ်ထောင်တစ်ခုစီတွင် လူသုံးကုန်ပစ္စည်းများ၏ သုံးပုံတစ်ပုံကျော်က ပလတ်စတစ်ကိုအခြေခံပြီး ထုတ်လုပ်ထားသည့် ပစ္စည်းများဖြစ်နေကြသည်။

ထို့ကြောင့် ရှေးရှေးက ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဖြစ်ပြီး ၁၉ ရာစု နှစ်လယ်ကစ၍ ယနေ့တိုင်ပစ္စုပ္ပန်ခေတ်ကို "ပလတ်စတစ်ခေတ်" ဟုခေါ်ဆိုရမည့်ကိန်း ဆိုက်နေသည်မှာ ဝမ်းမြောက်ဖွယ်မဟုတ်ပေ။

**ကုလသမဂ္ဂက ထုတ်ပြန်ထားသော ပလတ်စတစ်အမှိုက်များအကြောင်း**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် ပလတ်စတစ်အန္တရာယ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ယမန်နှစ် ဇွန်လ ၅ ရက်နေ့က ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်မှ ကောက်နုတ်ချက်တချို့ကို အောက်ပါအတိုင်း လေ့လာသိရသည်။

- ယနေ့ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ် တန်ချိန် သန်း ၅၀၀ မှ တန်ချိန် သန်းပေါင်း တစ်သန်း (၁ ထရီလီယံ) ထိသုံးစွဲလျက်ရှိပြီး မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်း တစ်သန်းခန့် စွန့်ပစ်နေကြသည်။
- ကမ္ဘာပေါ်တွင် နှစ်စဉ်ကုန်စုံဆိုင်လုပ်ငန်းသုံးအိတ်များကို ၅ ထရီလီယံထိသုံးစွဲနေပြီး ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမှုမရှိသဖြင့် ကမ္ဘာကြီးသည် အမှိုက်များဖြင့် ပြည့်နှက်နေပြီဖြစ်သည်။ ထို့ကြောင့် ရာစုနှစ်ဝက်အရောက်တွင် ပလတ်စတစ်အိတ် တန်ချိန် ၁၂ ဘီလီယံကြောင့် ကမ္ဘာကြီးသည် ရေလွှမ်းမိုးမှုဒဏ် ခံစားရနိုင်သည်။ ထိုသို့ နှစ်စဉ် ပလတ်စတစ်အိတ် ၅ ထရီလီယံ အသုံးပြုနေခြင်းက တစ်မိနစ်လျှင် ပလတ်စတစ်အိတ် ၁၀ သန်းခန့် အသုံးပြုခြင်းနှင့်ညီမျှသည်။
- အသုံးပြုပြီးပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမည့်အစား စွန့်ပစ်သဖြင့် အသုံးပြုပြီး ပလတ်စတစ်အိတ် ၇၉ ရာခိုင်နှုန်းသည် အမှိုက်အဖြစ် အဆုံးသတ်သွားသည်။
- ကမ္ဘာပေါ်ရှိသမုဒ္ဒရာများသည် အန္တရာယ်ရှိသော ပစ္စည်းများစွန့်ပစ်မှုအတွက် အသုံးပြုခံနေရပြီး ရေနေသတ္တဝါများမှာလည်း အမှိုက်သရိုက်များကြောင့် အသက်ရှင်ရန်ခက်ခဲလာကာ အချို့သောရေကြောင်းနေရာများသည် ပလတ်စတစ်စွပ်ပြုတ်ကဲ့သို့ နေရာအဖြစ်ပြောင်းလဲလာသည်။ ပလတ်စတစ်ပစ္စည်းအများစုသည် ရေကြောင်းကိုပိတ်စေပြီး ကောက်ရိုး၊ ပလတ်စတစ်အိတ်နှင့် ဇွန်း၊ ခက်ရင်း အစရှိသောပစ္စည်းများက အမှိုက်ပုံတစ်ခုကဲ့သို့ ဖြစ်လာသည်။
- ပလတ်စတစ်အိတ်များသည် ရေဆိုးပိုက်များကို ပိတ်ဆို့နေတတ်သဖြင့် ရောဂါပိုးမွှားများပျံ့နှံ့ကူးစက်နိုင်ပြီး တိရစ္ဆာန်များ၏ အစားအစာထဲသို့ပါသွားပါက အသက်ဆုံးရှုံးနိုင်သည်။ အိန္ဒိယနိုင်ငံ၌ သေဆုံးသွားသော နွားများ၏ ဝမ်းဗိုက်အတွင်း ပလတ်စတစ်အိတ်များတွေ့ရှိရပြီး ထိုင်းနိုင်ငံ၌ ဝေလငါးတစ်ကောင်သည် အသုံးပြုပြီး ပလတ်စတစ်အိတ်များ စားသုံးမိသဖြင့် သေဆုံးခဲ့သည်။

**ပလတ်စတစ်အသုံးပြုမှု လျှော့ချနည်း**

ဖော်ပြပါ ပလတ်စတစ်ဆိုးကျိုး အမျိုးမျိုးတို့ကြောင့် ပလတ်စတစ်အသုံးပြုမှုကို လျှော့ချဖြတ်တောက်ကြရပါမည်။ R1, R2, R3, R4 နည်းစနစ်အဆင့်ဆင့်လုပ်ပါ။

- R1 -Refuse ဆိုသည်မှာ ဈေးဝယ်သောအခါ ကြွပ်ကြွပ်အိတ်ပေးလျှင် မယူပါနှင့် ငြင်းပယ်ပါ။
- R2-Reduce ဆိုသောအဓိပ္ပာယ်မှာ မဖြစ်မနေသုံးစွဲရမည်ဆိုပါက စက္ကူအိတ်ကဲ့သို့ အလွယ်တကူ ဆွေးမြည့်နိုင်သည့်ထုပ်ပိုးပစ္စည်း သို့မဟုတ် ပြန်လည်လျှော်ဖွပ်၍ရသော ဈေးဝယ်အိတ်ကိုသုံးပါ။
- R3 - Reuse ဆိုသည်မှာ မိမိအိမ်တွင်ရှိနေသည့် ကြွပ်ကြွပ်အိတ်အဟောင်းကို မပေါက်မပြဲမချင်း ရေဆေးပြီး ပြန်လည်သုံးစွဲပါ။
- R4-Recycle ဆိုသောအဓိပ္ပာယ်မှာ တစ်နည်းတစ်ဖုံ ပြန်လည်အသုံးပြုရန်ဖြစ်သည်။ ဥပမာ- အိတ်ခွံအပေါက်အပြဲရောင်စုံတို့ကိုဖြန့်ပြီး ဖျာကဲ့သို့ ယက်၍သော်လည်းကောင်း၊ ခန်းဆီးလိုက်ကာကဲ့သို့သော်လည်းကောင်း တစ်နည်းနည်း အသုံးချပါ။
- အဓိကအချက်မှာ ပလတ်စတစ်ပစ္စည်းသုံးစွဲမှုကို မိမိကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် လျှော့ချဖြတ်တောက်ရန်ဖြစ်သည်။

ခေတ်အဆက်ဆက် အရိုးစွဲနေပြီဖြစ်သော ပလတ်စတစ်သုံးစွဲမှုကို ဖြတ်တောက်ရန်မှာ လက်တွေ့ဘဝနိစ္စဓူဝတွင် မလွယ်လှပေ။ မည်သို့ပင်ဆိုစေကာမူ လူသားများ၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာရသည့် ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ကပ်ဘေးကို သက်ရှိလူသားတို့ကသာလျှင် ပြန်လည်ကုစားသည့်အနေဖြင့် ပလတ်စတစ်ပစ္စည်းထုတ်လုပ်သုံးစွဲမှုကို ဖြတ်တောက်ရမည်။

သို့ပါ၍ ကမ္ဘာမြေကိုကယ်တင်ရန် ပလတ်စတစ်ဖြတ်တောက်ရမည့်အချိန်သည် ယနေ့ ယခုအချိန်ဖြစ်ကြောင်း၊ အနာဂတ်ပုံရိပ်ကိုဖော်ဆောင်ကြမည့်ကလေးများကိုလည်း မူလတန်းအရွယ်ကစပြီး ပလတ်စတစ်သုံးစွဲမှု အန္တရာယ်များကို အသိပညာပေးသင့်ကြောင်း၊ တစ်ဖက်ကလည်း ပြည်သူများ စည်းကမ်းတကျအမှိုက်ပစ်နိုင်ရန် စည်ပင်သာယာက အမှိုက်ပုံးများကို လုံလုံလောက်လောက်ထားရှိကာ မှန်မှန်အမှိုက်သိမ်းပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ကြပ်မတ်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဓေါပကရုံ(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှုံ့ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကျန်းမာရေးဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုသာမန်ရန်ပုံငွေကို အသုံးပြု၍ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၀၀)ဆေးရုံများ၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၅-၆-၂၀၂၃)ရက်နေ့၊
တင်ဒါပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန် - (၅-၇-၂၀၂၃)ရက်နေ့၊ (၁၆း၀၀)နာရီ။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများအသေးစိတ်ကို သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင်**
**သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဒိနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ မေလထိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခု ခွင့်ပြုပေးခဲ့



**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ မေလထိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၅ ခုခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ သတင်းများအရ သိရသည်။

အဆိုပါ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လေးခု၊ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအခု ၂၀ စုစုပေါင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ၂၅ ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုပေးရာတွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) အစည်းအဝေးတွင်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု စုစုပေါင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ၁၀ ခုကို ခွင့်ပြုပေးခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့်(၂/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိဘဲ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မတ် ၂၉ ရက်က ကျင်းပပြုလုပ်ခဲ့သည့်(၃/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခု စုစုပေါင်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခုကို ခွင့်ပြုပေးခဲ့ပြီး ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့သည့်(၄/၂၀၂၃) အစည်းအဝေးတွင် စက်မှုဇုန်၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခု စုစုပေါင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးခဲ့ကြောင်း၊ မေ ၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၅/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိဘဲ စက်မှုဇုန်တွင် ဖက်စပ်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းမှာ Refine Metal Block ထုတ်လုပ်၍ ရာနှုန်းပြည့်ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းဖြစ်သောကြောင့် မေလက ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတစ်ခုသာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ (၃၃၆)

# ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၂၉၇ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၂၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၃၆၆၂၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆက်လက်လဲ စိုက်ပျိုးနေကြပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက်လဲ အသိပညာပေးတာတွေလုပ်တယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၄၉၉ ဧကနှင့် ဖူးစားပြောင်း ၆၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)



# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ဖွံ့ဖြိုးပေးပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




# STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄





# ဝန်ထမ်းအလိုရှိသည်

Hotel 62 နှင့် ရေသန့်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်-

(1) လုံခြုံရေးဝန်ထမ်း ကျား (3) ဦး
အခြေခံလစာ ၁၂၀၀၀၀+ရက်မှန်ကြေး+Bonus

(2) HK (အိပ်ခန်းဆောင်ရှင်းလင်းရေး) မ (3) ဦး
အခြေခံလစာ ၁၂၀၀၀၀+ရက်မှန်ကြေး+Bonus

(3) (၃)တန်ရှိ ရေသန့်ကားမောင်းရန်အတွက် ယာဉ်မောင်း ကျား (2) ဦး
အခြေခံလစာ ၂၅၀၀၀၀+ရက်မှန်ကြေး+Bonus

(4) ရေသန့်ဘူးအတင်အချလုပ်သား ကျား (2) ဦး
အခြေခံလစာ ၁၂၀၀၀၀+ရက်မှန်ကြေး+Bonus

(5) ရေသန့်ထုတ်ကုန်အတွက် မ (10) ဦး
(ညှိနှိုင်းလစာ)

**မှတ်ချက်။ ရာထူးအားလုံးအတွက် နေစားငြိမ်းနေနိုင်ရပါမည်။**

အထက်ပါလိုအပ်ချက်များအတွက် ကိုယ်ရေးရာဇဝင်၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ ⇒ ၆၁လမ်းနှင့် ၆၂လမ်းကြား
၄၃ (A)လမ်း၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၄၀၄၀၃၄၈၊ ၀၉-၄၂၈၀၆၅၈၈၄။**

### ပျောက်ဆုံးကြောင်း

ကသာမြို့နေ မယုဝါဒေဝီ (ဘ) ဦးကျော်သန့်သိ (၅/ကသန(နိုင်)១၅၃၈၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-786645)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၃၄၉၃၇၅၂

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်နိုင်ကိုကို (ဘ)ဦးခင်မောင်အေး (၅/ယမပ(နိုင်)၁၄၆၁၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-276685)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၉၅၈၉၀၈၇

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်ပြည့်ဖေအောင် (ဘ)ဦးအောင်နိုင်ဝင်း(၅/ယမပ(နိုင်)၁၅၈၆၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-276717)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၄၈၄၆၁၉၅

**မီး သတိပြု**

# ဆရာမဝန်ထမ်း အလိုရှိသည်

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၂) အသက် (၂၅)နှစ်မှ (၄၀)နှစ်အတွင်း။
(၃) ပရဟိတလုပ်ငန်း စိတ်ဝင်စားသူ။
(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်ရမည်။

လာရောက်လျှောက်ထားလိုပါက - ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ **CV Form** နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်
စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း**

**ဆက်သွယ်စုံစမ်းရန် - ၀၉-၇၉၇၁၂၅၈၅၀/ ၀၉-၄၀၂၅၉၈၃၅၁။**

# Long Style Beauty Saloon

ဖြောင့်
ကောက် } (30%) off
ဆေးဆိုး

ဆံပင်ညှပ်တာအရမ်းလှတယ်။
(ကြိုတင်ဖုန်းဆက်လို့ရပါတယ်)

**66 st × 67 st, 38 st Corner
Ph; 09-2053849**

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ရှောက်စန်း(ခ) ချိုချို(ဘ)ဦးရန်လောဇီ(၅/တမန(နိုင်)၀၃၂၂၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-102795)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၉၆၅၁၉၇၅၅၅

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

### ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဦးအောင်မျိုးဝင်း (ဘ) ဦးအောင်စိန်(၁၃/ကမန(ဧည့်)၀၀၁၀၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(349477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၀၁၈၃၇၂၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ဘုရားကျောင်း ဒါယိကာမ

# ဒေါ်အေးအေးသန်း

### အသက် (၅၈)နှစ်

မန္တလေးမြို့၊ ၆၁(A)လမ်း၁၁၅လမ်းနေ (ဦးကိုကိုအေး-ဒေါ်မြင့်မြင့်)၂၆ ဘီလမ်း၊ ပွဲကုန်းလမ်းမတန်းနှင့် ဈေးချို(H)ရုံ မြေညီထပ် စက္ကူဆိုင်တို့၏သမီး၊ (ဦးမောင်မောင်လွင်)၊ ဒေါ်ခင်နီလာအေး(ရွှေမြန်မာဟိုတယ်)၏ ညီမ၊ ဦးစိုးမြင့်အောင်-ဒေါ်သန်းသန်းထွေး၊ (ကိုမျိုးရန်အောင်)-မစန္ဒာ(မြင့်မိုဦးတည်းခိုခန်း)တို့၏ အစ်မ၊ ဦးမင်းကျော်ထွန်း(ခ)ဦးဆန်းနီ၏ ချစ်လှစွာသော ဇနီး၊ ကိုချမ်းငြိမ်းထွန်း၊ ကိုစိုင်းအောင်နိုင်မြင့်-မစန်းစိမ့်စိမ့်ထွန်း၊ ကိုထင်ကျော်မိုးထွန်း၊ မသစ်မင်းထွန်းတို့၏ချစ်လှစွာသောမိခင်သည် ၃-၆-၂၀၂၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၅-၆-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
- (ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- (ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- (ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME လုပ်ငန်းတွင် ကဏ္ဍလေးခုရှိ....

❖ ထုတ်လုပ်ခြင်း၊ရောင်းဝယ်ခြင်း၊ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ်....

❖ ထုတ်လုပ်မှုမရှိနိုင်ဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလဲမရှိနိုင်....

❖ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ပန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကို ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမှ စတင်ပြီးလည်းကောင်း၊ သရီရဓာတုပဝါဟနပူဇာအရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနားကို ဇွန် ၇ ရက် နံနက် ၅ နာရီခွဲမှစတင်ပြီးလည်းကောင်း MRTV HD Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ မဟာဗောဓိရုပ်သံလိုင်းနှင့် Buddha Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




ဖနောင်ပင် ဇွန် ၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန်ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium ၌ ကျင်းပရာ အရှေ့တောင်အာရှပြိုင်ပွဲဝင်နိုင်ငံများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ မသန်စွမ်းအားကစားသမားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၄☆

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာအားကစားအဖွဲ့ကို တွေ့ရစဉ်။

## လေပြင်းနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည့်အခြေအနေလျော့နည်းသွားပြီး မုတ်သုံလေအားကောင်းလာနိုင်

စာမျက်နှာ - ၁၀

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉